# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၇)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမေရိကန်သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲတွင် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့် သမ္မတ ဂျော့ ဒဗလျူဘုရ်ှထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပခဲ့သည့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (အပေါ်ပုံ နှင့် အောက်ပုံ) (သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်-အာဆီယံထိပ်သီးဆွေးနွေးပွဲတက်ရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ်အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပခဲ့သည့် တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✡



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

# အမျိုးသားကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် စီမံကိန်းများအောင်မြင်စေရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာစေရန်အတွက်လည်း စနစ်တကျ တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်ကို ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်ကို တည်ဆောက်ကြမည့် တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ပညာရည်မြင့်မားစေရန် အထူးလိုအပ်ပေသည်။

ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အမျိုးသားကျန်းမာရေးကော်မတီ၊ မြန်မာနိုင်ငံပညာရေးကော်မတီ စသည့်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စေရန် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာလ ၄ ရက်နေ့က ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားကျန်းမာရေးကော်မတီ (၄၂)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားခဲ့သည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်-

**"အမျိုးသား ကျန်းမာရေးကော်မတီအနေဖြင့် အမျိုးသားကျန်းမာရေးမူဝါဒများ ချမှတ်ထားပြီး ဖြစ်သည့်အပြင် အမျိုးသား ကျန်းမာရေးမူဝါဒများနှင့်အညီ အမျိုးသားကျန်းမာရေး စီမံကိန်းများကို အဆင့်ဆင့် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် လုပ်ငန်းစီမံချက် (၁၂)ရပ် ပါဝင်သည့် အမျိုးသား ကျန်းမာရေးစီမံကိန်း ၂၀၀၁-၂၀၀၆ ကို အကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်ကြောင်း"**

ပြောကြားခဲ့သည်။

နိုင်ငံတော်က အမျိုးသား ကျန်းမာရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ရာ၌ လုပ်ငန်းတာဝန် (၅)ရပ်ကို တစ်ပါတည်း သတ်မှတ်ပေးထားပြီး ဖြစ်သည်။ ထို့အပြင် လုပ်ငန်းစီမံချက် (၁၂)ရပ် ပါဝင်သည့် အမျိုးသားကျန်းမာရေး ငါးနှစ်စီမံကိန်းကို ၂၀၀၁ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသည့် အပြင် အမျိုးသားကျန်းမာရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကိုလည်း တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ အမျိုးသားကျန်းမာရေး စီမံကိန်းအဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ ကျန်းမာရေးဝန်ကြီးဌာနသာမက ဆက်စပ်နီးနွယ်သည့် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများကလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိသည်။ ထို့အပြင် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသား ကျန်းမာရေးကော်မတီက လုပ်ငန်းတာဝန် အဆင့်ဆင့်နှင့်တကွ စီမံကိန်းနှင့် လုပ်ငန်းစီမံချက်များရေးဆွဲချမှတ်ပြီး စီမံခန့်ခွဲမှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုစနစ်များကို စနစ်တကျ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများအဆင့်အထိ ကျန်းမာရေးကော်မတီ အဆင့်ဆင့်ကိုဖွဲ့စည်းပြီး တိုင်းရင်းသား ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်နိုင်ပေသည်။

သို့ဖြစ်ရာ အမျိုးသား ကျန်းမာရေးကော်မတီ၏ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူအသီးသီးနှင့် ဝန်ကြီးဌာန အသီးသီးက ဆက်လက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၆-၁၁-၂၀၀၄**

**(စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော်

**"မြန်မာပြည်သား အရှင်ပုဏ္ဏ"**

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The General Characteristics of Chinese Philosophy (ဒုတိယနှစ်၊ ဒဿနိကဗေဒ)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"**(အပိုင်း-၁၁)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ EnglishPremierLeague ဘောလုံးပွဲ Chelsea & Everton

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရခိုင်ပြည်နယ်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ကြီးမှူး တိပိဋကဓရတိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်သူမြတ်အား ချီးကျူးပူဇော်

ရန်ကုန် နိုဝင်ဘာ ၅

**ရခိုင်ပြည်နယ်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့က ကြီးမှူး ကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုမာရာဘိဝံသ သာသနာ့အာဇာနည် အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်ကျောင်းတိုက် နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သစအ ဓမ္မာစရိယဝါကျကျမ်းပြုဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသက တိပိဋကဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာဂါထာဖြင့် ရွတ်ဆိုပူဇော်ပြီး ဆရာတော်သံဃာတော်များအား ရခိုင်ပြည်နယ်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### လျှောက်ထားပူဇော်

ဆက်လက်၍ ရခိုင်ပြည်နယ်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ ဥက္ကဋ္ဌသီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းက တိပိဋကဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကျင်းပရခြင်းအကြောင်း လျှောက်ထားပြီး ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌသီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်က တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုမာရာဘိဝံသ သာသနာ့အာဇာနည်အရှင်သူမြတ်၏ ထေရုပ္ပတ္တိကထာကိုလျှောက်ထားပူဇော်သည်။**(အပေါ်ပုံ)**

### ရေစက်သွန်းချအမျှဝေ

ထို့နောက် ရန်ကုန်မြို့ လေးဝတီရခိုင်တူရိယာအဖွဲ့က ထုတိဩဘာမင်္ဂလာ ရတုပိုဒ်စုံဖြင့် ရွတ်ဆိုပူဇော်ကြပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုမာရာဘိဝံသ သာသနာ့အာဇာနည်အရှင်သူမြတ်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(က-ပ)**

## ဘီးလင်းတိုက်သစ်ကျောင်း

## စုပေါင်းဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်းတိုက်၌ (၅၅)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းတိုက်ကြီး၏ဦးစီးပဓာန နာယကဆရာတော် ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်)၊ ဝေဠုဝန်နိကာယ ဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ် ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသအားအမှူးထား၍ သံဃာတော်အရှင်သူမြတ်တို့အား ကထိန်သင်္ကန်းနှင့်ဆွမ်းစသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။ **(က-ပ)**



**အင်းစိန်မြို့နယ် မြို့သစ် (က-ခ)ရပ်ကွက် ခ/၅လမ်းနေ ကွယ်လွန်သူ ဦးစိန်ဖေ-ဒေါ်ခင်ကြည်တို့အားရည်စူး၍ သားသမီးတစ်စုတို့က အလှူငွေကျပ်နှစ်သိန်းနှင့် ဒေါက်တာစိုးနိုင်-ဒေါ်နိုင်နိုင်အုန်း မိသားစုနှင့် ဒေါ်ခင်သန်းသန်းမိသားစု အမှတ် (၇၇) မာလာလမ်း ဈေးကုန်း အနောက်အင်းစိန်တို့က ကျပ်ရှစ်သောင်းကို အင်းစိန်မြို့နယ် ကွက်သစ်မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။** (က-ပ)

# ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဆိုင်ရာ နည်းဥပဒေများထုတ်ပြန်

(ယမန်နေ့ကအဆက်)

**အခန်း (၈)**

**ကုန်ကျစရိတ် ကျခံခြင်း**

၃၆။ အကူအညီတောင်းခံချက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးရသည့် သာမန်ကုန်ကျစရိတ်ကို အခြားနည်းဖြင့် သဘောတူထားခြင်းမရှိပါက အကူအညီပေးသောနိုင်ငံက ကျခံရမည်။ နှစ်နိုင်ငံတို့သည် သာမန်ထက်ပိုမိုသော၊ သို့မဟုတ် ထူးခြားသည့် သဘာဝရှိသော ကုန်ကျစရိတ်ကျခံရန် ကိစ္စဖြစ်လျှင် ကြိုတင်ညှိနှိုင်းထားသည့် စည်းကမ်းချက်များနှင့်အညီ ကျခံရမည်။

၃၇။ (က) အကူအညီပေးခြင်းနှင့် စပ်ဆိုင်သော ကုန်ကျစရိတ်သည် မြန်မာနိုင်ငံနှင့် အပြန်အလှန်အကူအညီပေးရန် စာချုပ်ရှိပြီး ယင်းစာချုပ်တွင် ကုန်ကျစရိတ်ကို အထူးအစီအစဉ်ဖြင့် ဖော်ပြထားပါက ယင်းစာချုပ်ပါအတိုင်း ကျခံရမည်။

(ခ) အကူအညီတောင်းခံသည့် နိုင်ငံက အကူအညီတောင်းခံသည့်ကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျစရိတ်အားလုံးကို ကျခံမည်ဖြစ်ကြောင်း သဘောတူလျှင် ထိုနိုင်ငံက ကျခံရမည်။

(ဂ) အချုပ်ဖြင့်ရှိသူအား မြန်မာနိုင်ငံ၏ နယ်နိမိတ်ကို ဖြတ်သန်း၍ သို့မဟုတ် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း ခေတ္တရပ်နား၍ ခေါ်ဆောင်ခြင်းဖြစ်ပါက ကုန်ကျစရိတ်ကို ယင်းပုဂ္ဂိုလ်အား စတင်ခေါ်ဆောင်သည့် နိုင်ငံ၊ သို့မဟုတ် အကူ အညီတောင်းခံသည့် နိုင်ငံကကျခံရမည်။

၃၈။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အကူအညီတောင်းခံခြင်း သို့မဟုတ် အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ကျခံရမည့် ကုန်ကျစရိတ်ဖြစ်လျှင် ဗဟိုအာဏာပိုင်အဖွဲ့၏ ထောက်ခံချက်ကို ပူးတွဲတင်ပြပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ကို တောင်းခံရယူရမည်။

**အခန်း(၉)**

**အထွေထွေ**

၃၉။ အစိုးရအဖွဲ့သည် အကူအညီတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၉ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ ဗဟိုအာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်တစ်ရပ်ရပ်မှာ ဥပဒေပုဒ်မ ၄တွင် ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်များနှင့် ညီညွတ်ခြင်းမရှိသည့်အခါမှသာလျှင် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

၄၀။ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤနည်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄၁။ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ ဗဟိုအာဏာပိုင်အဖွဲ့၏ အကူအညီတောင်းခံချက်အရ ပြည်ပနိုင်ငံ၏ အာဏာပိုင်ကပေးပို့သည့် စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများကို သက်သေခံအဖြစ် တင်ပြခွင့်ရှိစေရမည်။

၄၂။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုက တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းအတွက် အကူအညီတောင်းခံသည့် ကိစ္စဖြစ်လျှင် တရားရုံးချုပ်သို့ အကြောင်းကြားရမည်။

(ခ) တရားရုံးချုပ်သည် ပုဒ်မခွဲ(က)အရ အကြောင်းကြားသည့်ကိစ္စကို ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးက ဆောင်ရွက်ရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၄၃။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့်ကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အကူအညီတောင်းခံသည့်နိုင်ငံနှင့် ဗဟိုအာဏာပိုင်အဖွဲ့တို့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရန် ဗဟိုအာဏာပိုင်အဖွဲ့သို့ ချက်ချင်း တင်ပြရမည်။

၄၄။ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး၊ အကူအညီ ရယူရေးတို့နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံဖြစ်စေ၊ နိုင်ငံအများဖြစ်စေ ချုပ်ဆိုထားသော စာချုပ်များရှိပါက ယင်းစာချုပ်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ဤနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

**ဝန်ကြီး**

**ပြည်ထဲရေးဝန်ကြီးဌာန။**

---

**ပုံစံ–(၁)**

————————နိုင်ငံ

————————ဌာန

(နည်းဥပဒေ–၃)

**သို့**

**ဥက္ကဋ္ဌ**

**ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး**

**ဗဟိုအာဏာပိုင်အဖွဲ့**

**ပြည်ထောင်စုမြန်မာနိုင်ငံ**

အကြောင်းအရာ။ ။ **ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံခြင်း**

————————————တွင် ဖြစ်ပွားသော ——————————————————ကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကူအညီကိုရယူရန် လိုအပ်ပါသောကြောင့် အကူအညီပေးပါရန် တောင်းခံအပ်ပါသည်။

၁။ အကူအညီ တောင်းခံသည့်ကိစ္စနှင့် သက်ဆိုင်သည့်အမှု အကျဉ်းချုပ်နှင့် သဘောသဘာဝ ——————————————————————————————————————————————————————

၂။ အရေးယူထားသည့် ဥပဒေနှင့် ပုဒ်မ ——————————————————————————————————————

၃။ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ——————————————————————————————————————————

၄။ ဆောင်ရွက်ပေးရမည့် အချိန်ကာလ(အလျင်အမြန် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက အလျင်အမြန်ဆောင်ရွက်ရန် ဖော်ပြချက်)————————————————————————

၅။ တောင်းခံသည့် အကူအညီနှင့် စပ်လျဉ်း၍ မိမိနိုင်ငံတွင် ကျင့်သုံးနေသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ——————————————————————————————

၆။ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက် ရယူပေးရန်ဖြစ်လျှင် ထိုပုဂ္ဂိုလ်၏အမည်နှင့် နေရပ်လိပ်စာ——————————————————

၇။ စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများရယူပေးရန် ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်း ပြုလုပ်ပေးရန်ဖြစ်လျှင်–

(က) စာတမ်းအမှတ်အသားနှင့် မှတ်တမ်းအမျိုးအစား——————————————————

(ခ) လက်ဝယ်ရှိသူအမည်နှင့် နေရပ်လိပ်စာ——————————————————

၈။ ပစ္စည်းကိုရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုလုပ်ပေးရန်ဖြစ်လျှင်–

(က) ပစ္စည်းအမျိုးအစား၊ ပုံသဏ္ဌာန်၊ သိသာထင်ရှားသည့်အမှတ်အသား–——————————————————

(ခ) ပစ္စည်းတည်ရှိသည့်နေရာနှင့် အသေးစိတ်အချက်အလက် ——————————————————

(ဂ) သက်ဆိုင်ရာ တရားရုံးက ချမှတ်သည့် အမိန့်၊ စီရင်ချက် သို့မဟုတ် ဆုံးဖြတ်ချက် ——————————————————

၉။ သတင်းအချက်အလက် ရှာဖွေထုတ်ပေးရန်ဖြစ်လျှင် ဖော်ထုတ်ပေးရမည့် သတင်းအချက်အလက် ——————————————————

၁၀။ လျှို့ဝှက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက လျှို့ဝှက်ဆောင်ရွက်ရန် ဖော်ပြချက် ——————————————————

၁၁။ မိမိနိုင်ငံတွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း ပြုလုပ်သူ အရာရှိ၏ အမည်၊ ရာထူး၊ ဌာနနှင့် လုပ်ငန်းတာဝန်——————————————————

၁၂။ အခြားလိုအပ်သောအချက်များ ဖော်ပြချက် ——————————————————

အကူအညီတောင်းခံသည့်အာဏာပိုင်

——————————————နိုင်ငံ

စာအမှတ်။ ——————————

ရက်စွဲ။ ——————————

မှတ်ချက်။ မဆိုင်သည့် စာသားကို ဖျက်ရန်။

---

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပုံစံ–(၂)**

**ပြည်ထဲရေးဝန်ကြီးဌာန**

**ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး**

**ဗဟိုအာဏာပိုင်အဖွဲ့**

**စာတမ်းအမှတ်အသား၏ ဘာသာပြန်ဆိုချက် မှန်ကန်ကြောင်း**

**သက်သေခံလက်မှတ်**

**[နည်းဥပဒေ–၁၃(ခ)]**

ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဗဟိုအာဏာပိုင်အဖွဲ့သည် ————————————နိုင်ငံ၏ ဗဟိုအာဏာပိုင်အဖွဲ့၏ အကူအညီတောင်းခံချက်အရ ဆောင်ရွက်ပေးသည့် ပူးတွဲစာရင်းပါ သက်သေခံချက်များ၊ စာတမ်းအမှတ်အသားများ၊ မှတ်တမ်းနှင့် အထောက်အထားများ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်သည် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးလိုက်သည်။

**ဥက္ကဋ္ဌ**

**ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့**

ရက်စွဲ။——————————

မှတ်ချက်။ မဆိုင်သည့် စာသားကို ဖျက်ရန်။

ပုံစံ–၂ ပူးတွဲစာရင်း

**အင်္ဂလိပ်ဘာသာပြန်ဆိုချက် စာတမ်းအမှတ်အသားများစာရင်း**

၁။
၂။
၃။
၄။
၅။
၆။
၇။
၈။
၉။
၁၀။
၁၁။
၁၂။
၁၃။
၁၄။
၁၅။

---

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပုံစံ–(၃)**

**ပြည်ထဲရေးဝန်ကြီးဌာန**

**ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး**

**ဗဟိုအာဏာပိုင်အဖွဲ့**

**စာတမ်းအမှတ်အသားများ မှန်ကန်ကြောင်း သက်သေခံလက်မှတ်**

**[နည်းဥပဒေ–၁၃(ခ)]**

ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့သည် ————————————နိုင်ငံ၏ ဗဟိုအာဏာပိုင်အဖွဲ့၏ အကူအညီတောင်းခံချက်အရ ဆောင်ရွက်ပေးသည့် ပူးတွဲစာရင်းပါ သက်သေခံချက်များ၊ စာတမ်းအမှတ်အသားများ၊ မှတ်တမ်းနှင့် အထောက်အထားများသည် မူရင်းများ မှန်ကန်ကြောင်း သို့မဟုတ် မူရင်း၏ မိတ္တူမှန်များ မှန်ကန်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးလိုက်သည်။

**ဥက္ကဋ္ဌ**

**ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့**

ရက်စွဲ။——————————

မှတ်ချက်။ မဆိုင်သည့် စာသားကို ဖျက်ရန်။

ပုံစံ–၃ ပူးတွဲစာရင်း

**စာတမ်းအမှတ်အသားများစာရင်း**

၁။
၂။
၃။
၄။
၅။
၆။
၇။
၈။
၉။
၁၀။
၁၁။
၁၂။
၁၃။
၁၄။
၁၅။

---

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပုံစံ–(၄)**

**ပြည်ထဲရေးဝန်ကြီးဌာန**

**ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး**

**ဗဟိုအာဏာပိုင်အဖွဲ့**

**မြန်မာနိုင်ငံတွင် အချုပ်ဖြင့်ရှိသူကို**

**အကူအညီတောင်းခံသည့်နိုင်ငံသို့သက်သေခံချက်၊**

**ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန်**

**ယာယီလွှဲပြောင်းခြင်း**

**(နည်းဥပဒေ–၁၈)**

**နေရာ——————————**

**ရက်စွဲ———ခုနှစ်၊———လ——ရက်**

၁။ ကျွန်ုပ်ဦး/ဒေါ်——————အသက်——————နှစ်၊(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်)သည်——————————ဖြင့်——————တွင် ချုပ်နှောင်ခံထားရပြီး ဆက်လက်ချုပ်နှောင်ခံရန် ကာလ————————နှစ်————————လနှင့်——————ရက်ကျန်ရှိပါသည်။

မေးမြန်းစုံစမ်းသူ ဦး/ဒေါ်————————၊————————သည် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန်————————နိုင်ငံသို့ မြန်မာနိုင်ငံက ကျွန်ုပ်အား ယာယီလွှဲပြောင်းပေးရန်ရှိရာ————————နိုင်ငံတွင် ————————ကိစ္စ၌ ကျွန်ုပ်၏ဆောင်ရွက်မှုပြီးဆုံးပါက——————နိုင်ငံက မြန်မာနိုင်ငံသို့ ကျွန်ုပ်အားပြန်လည်လွှဲပြောင်းပေးမည်ကိုလည်းကောင်း၊ ဥပဒေများ၊ စာချုပ်သို့မဟုတ်——————နိုင်ငံနှင့် မြန်မာနိုင်ငံတို့ တာဝန်ယူချက်များအရ စပ်ဆိုင်သည့်တိကျသော အခွင့်အရေးများနှင့် တာဝန်များကိုလည်းကောင်း ကျွန်ုပ် နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။

ကျွန်ုပ်အား——————နိုင်ငံသို့ ယာယီလွှဲပြောင်းပေးရန် သဘောတူ/သဘောမတူကြောင်း အောက်ပါသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးပါသည်။

ဦး/ဒေါ်——————

(အချုပ်ဖြင့်ရှိသူ)

| | သက်သေအမှတ်(၁) | သက်သေအမှတ်(၂) |
|---|---|---|
| ၁။လက်မှတ် | —————————— | —————————— |
| အမည် | —————————— | —————————— |
| ရာထူးဌာန | —————————— | —————————— |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | —————— | —————————— |
| | —————————— | —————————— |

၃။ ကျွန်ုပ် ဦး/ဒေါ်——————————၊——————————၊——————————ရုံး၊ ဌာန————————သည် အချုပ်ဖြင့်ရှိသူ ဦး/ဒေါ်——————————အား——————————နိုင်ငံသို့ ယာယီလွှဲပြောင်းပေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၎င်း၏သဘောဆန္ဒကို အထက်အပိုဒ် ၁ ပါ သက်သေများရှေ့မှောက်တွင် ရယူခဲ့ပါသည်။

လက်မှတ်——————————

အမည်——————————

ရာထူး——————————

ဌာန——————————

(မေးမြန်းစုံစမ်းသူ)

**(ဆက်လက်ဖော်ပြပါမည်။)**

# အာကာသစူးစမ်းလေ့လာရေးစီမံကိန်းသစ် တရုတ်ထုတ်ပြန်

ပေကျင်း နိုဝင်ဘာ ၄

**လာမည့်သုံးနှစ်အတွင်း အာကာသဆိုင်ရာ စူးစမ်းလေ့လာရေးရည်မှန်းချက်ကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာသည်။ ရှန်ကျို့အမှတ်(၅)အာကာသယာဉ်ဖြင့် ဂြိုဟ်ပတ်လမ်းအတွင်း လူလိုက်ပါ လွှတ်တင်မှုကို လွန်ခဲ့သည့် အောက်တိုဘာလတွင် ဆောင်ရွက်ခဲ့ပြီးနောက် အာကာသတွင်း စူးစမ်း လေ့လာမှုစီမံကိန်းသစ်ချမှတ်ရန် တရုတ်နိုင်ငံက ဆက်လက်ဆောင်ရွက်ရန် ကြိုးပမ်းနေပြီဖြစ်သည်။ ရှန်ကျို့ အမှတ်(၆)အာကာသယာဉ်ကို ၂၀၀၅ခုနှစ်၌ လွှတ်တင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။**

ထိုအာကာသယာဉ်တွင် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါနိုင်ပြီး အာကာသအတွင်း ငါးရက်ကြာ နေထိုင်အလုပ်လုပ်နိုင်မည်ဖြစ်သည်။

ရုရှား၊ အမေရိကန်ပြည်ထောင်စုပြီးလျှင် တရုတ်နိုင်ငံသည် အာကာသအတွင်းသို့ လူလိုက်ပါ သောယာဉ်လွှတ်တင်နိုင်သည့် တတိယမြောက်နိုင်ငံဖြစ်သည်။ ထို့အပြင် လကမ္ဘာစူးစမ်းလေ့လာရေး ယာဉ်ကိုလည်း ၂၀၀၇ခုနှစ်တွင် လွှတ်တင်မည်ဖြစ် သည်။ ယင်းစီမံကိန်းတွင် လကိုလှည့်ပတ်ခြင်း၊ ဆင်းသက်ခြင်းနှင့် နမူနာများ ကောက်ယူစုဆောင်းပြီး ကမ္ဘာသို့ပြန်လာရန် စသောအဆင့်သုံးဆင့် ပါဝင်သည်။ ထိုလဆင်းယာဉ်ကို လောင်းမတ်ချ် ၃အေ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**



## ဒေါ်လာ ၁၂၅ ဘီလီယံ ရေအားလျှပ်စစ်ကဏ္ဍ၌ တရုတ်ရင်းနှီးမြှုပ်နှံမည်

**ပေကျင်း နိုဝင်ဘာ ၄**

တရုတ်နိုင်ငံ၏ ရေအားလျှပ်စစ် ထုတ်လုပ်ရေးကဏ္ဍအတွက် ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲ၌ တာဝန်ရှိသူများက ကြေညာခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍအတွက် ရေအရင်းအမြစ်များစွာ ရရှိနေသော်လည်း ၎င်းတို့ အနက်မှ လေးပုံတစ်ပုံခန့်ကိုသာ အသုံးပြုနိုင်သေးကြောင်း သိရသည်။

**တည်ဆောက်**

တရုတ်နိုင်ငံအတွင်းမှာရေအားလျှပ် စစ်ထုတ်လုပ်ရေးစက်ရုံကြီး ၃၀ကျော် တည်ဆောက်မည် ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၌ ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံကိန်းများကို တစုတစည်းတည်း သတ်မှတ်ထားကာ အစိုးရက ရင်းနှီးမြှုပ်နှံ လုပ်ဆောင်သွားမည် ဖြစ်ပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကိုလည်း လက်ခံမှာဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ဗီယက်နမ်နိုင်ငံ၏ ဆန်မွှေးနှင့် ကောက်ညှင်းဆန်တင်ပို့မှု ယခုနှစ် ပထမ ၁၀ လအတွင်း တန်ချိန် တစ်သိန်း တင်ပို့နိုင်ခဲ့

**ဟနွိုင်း နိုဝင်ဘာ ၄**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ၁၀လအတွင်း ဆန်မွှေးနှင့် ကောက်ညှင်းဆန် တန် တစ်သိန်းတင်ပို့ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်က ဆန်မွှေး တန်ချိန် ၇၅၀၀၀တင်ပို့ခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်းက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အဆိုပါ ဆန်မွှေးနှင့် ကောက်ညှင်းဆန်များတွင် ခေါ်ဒေါ်ခ်မာလီမျိုးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀နှုန်းဖြင့် အမြင့်ဆုံး တင်ပို့ရောင်းချရကြောင်း၊ ဆန်စေးမှာ ဒေါ်လာ ၂၄၀ မှ ၂၅၀ဖြင့် ဒုတိယတင်ပို့ရောင်းချရကြောင်း၊စပယ်ဆန်မှာ ဒေါ်လာ ၂၄၀ရှိကြောင်း အဆိုပါ အသင်းက ပြောကြားသည်။

**တိုက်တွန်းပြောကြား**

ဗီယက်နမ်ဆန်မွှေး အဓိကတင်သွင်းသော နိုင်ငံများမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ဆန်မွှေးများ ပိုမိုစိုက်ပျိုးသင့်ကြောင်း၊ အထူးသဖြင့် စပယ်ဆန်များတင်ပို့ ရောင်းချရန် စိုက်ပျိုးသင့်ကြောင်း အဆိုပါအသင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ တိုက်တွန်းပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် လောလောဆယ်တွင် ဆန်မွှေးနှင့် ကောက်ညှင်း ဆန် ၁၁၅၀၀၀ဟက်တာ စိုက်ပျိုးထားသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း အမေရိကန်ဒေါ်လာ သန်း ၈၁၇ ဖိုးရှိ ဆန်အမျိုးပေါင်းစုံ တန်ချိန်သုံးသန်းခွဲတင်ပို့ရောင်းချခဲ့ကြောင်း၊ ယမန်နှစ်အလားတူ ကာလကထက် ၅ ဒသမ ၄ ရာခိုင်နှုန်း ပမာဏလျော့ကျသွားကြောင်း၊ သို့ရာတွင် တန်ဖိုးမှာ ၁၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ၎င်းအသင်းက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကုန်သွယ်မှု ဒေါ်လာ ဘီလီယံ၁၀၀ ကျော်မည်

**တရုတ်နိုင်ငံ ရှန်ဟိုင်းဆိပ်ကမ်း၌ ကရိန်းများဖြင့် ကုန်သေတ္တာများတင်ဆောင်ရန် ပြင်ဆင် လျက်ရှိသည်ကို နိုဝင်ဘာ ၄ ရက်က တွေ့ရစဉ်။** (တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်လိမ့်မည်ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဝူရီက ပြောကြားသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

## ထိုင်းအစိုးရ၏ လွန်ခဲ့သည့်လေးနှစ်အတွင်း ဆောင်ရွက်ချက်များ နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ပြပွဲကျင်းပ ဖော်ပြမည်

ဗန်ကောက် နိုဝင်ဘာ ၄

**ထိုင်းအစိုးရသည် လွန်ခဲ့သည့်လေးနှစ်အတွင်း ယင်း၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြပွဲကို နိုဝင်ဘာ ၆ရက်မှ၁၀ရက်အထိ ကျင်းပမည် ဖြစ်သည်။**

ပြပွဲ၏ရည်ရွယ်ချက်မှာ ထိုင်းရက်ခ် ထိုင်း ဦးဆောင်သော ထိုင်းအစိုးရ၏ မူဝါဒများနှင့် အစီအစဉ်များကို ထိုင်းပြည်သူလူထုအား ရှင်းပြရန် ဖြစ်ကြောင်း ထိုင်းသတင်းဌာနက ဗုဒ္ဓဟူးနေ့၌ သတင်းဖော်ပြသည်။

**တက်ရောက်မည်**

ယင်းပြပွဲသို့ ဝန်ကြီးများ၊ အစိုးရအကြံပေး ပုဂ္ဂိုလ်များနှင့် အဆင့်မြင့် အစိုးရအရာရှိများ တက်ရောက်ကြမည် ဖြစ်သည်။

**ပြောဆိုခဲ့**

ယခု ကျင်းပမည့် ပြပွဲသည် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်မှုကို ထင်ရှား ပေါ်လွင်စေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် သက်ဆင် ရှင်နာဝပ်က ၎င်း၏ ဝန်ကြီးအဖွဲ့ကို အင်္ဂါနေ့၌ ပြောဆိုခဲ့သည်။

အတိတ်နှင့် အနာဂတ်ကို ကြည့်ရှုခြင်း ဆိုသော ယင်းပြပွဲကို အပိုင်းကဏ္ဍ ငါးခုခွဲခြား ထားပြီး အစိုးရအဖွဲ့၏ အောင်မြင်မှုများကို ဖော်ပြ ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ခေတ်မီ ဆီမီးကွန်ဒတ်တာ စက်ရုံ

**အိန္ဒိယနိုင်ငံ၏ ခေတ်မီဆီမီးကွန်ဒတ်တာ စက်ရုံလုပ်ငန်း ခွင် တစ်နေရာကို နိုဝင်ဘာ ၃ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## မြစ်ဝါမြစ်ဝဝန်းကျင်ရှိ ရှားပါးစင်ရော်ငှက်များအား တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား ပူးပေါင်းစောင့်ရှောက်မည်

**ဂျီနန် နိုဝင်ဘာ ၄**

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် မြစ်ဝါမြစ်ဝ၌ ရှားပါးသောနှုတ်သီးမည်း စင်ရော်ငှက်များ ပေါက်ဖွားရာ ဒေသကို ကာကွယ်စောင့်ရှောက်ရေး ပူးတွဲစီမံကိန်းတစ်ရပ်ကိုဆောင်ရွက်ရေး သဘောတူညီခဲ့ကြကြောင်း၊ ၂၀၀၅ခုနှစ် တွင် ဥပဒေစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

**ဖန်တီးပေးမည်**

အဆိုပါ သုံးနိုင်ငံမှ ကျေးငှက်သာရကာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များသည် တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်၏ မြို့တော်ဂျီနန်၌ အဆိုပါ ထိန်းသိမ်းစောင့်ရှောက်ရေး သဘောတူညီမှုကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းသဘောတူညီချက်တွင် မြစ်ဝါမြစ်ဝ စိုစွတ်ဒေသကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ ရှားပါးစင်ရော်ငှက်များအတွက် သွားလာနေထိုင် ကျက်စားရာ ဝန်းကျင်ဖြစ်စေရန် ဖန်တီးပေးမည်ဖြစ်ကြောင်း သိရှိရသည်။

နှုတ်သီးမည်း စင်ရော်ငှက်များသည် တရုတ်နိုင်ငံ၏ ဒုတိယတန်းစား နိုင်ငံအဆင့် ထိန်းသိမ်းစောင့်ရှောက်မည့် ကျေးငှက်များဖြစ်လာသည်။

**နေထိုင်ကျက်စား**

လောလောဆယ်တွင် ကမ္ဘာပေါ်၌ နှုတ်သီးမည်း စင်ရော်ငှက် ၇၀၀၀ခန့်သာ ကျန်တော့ကြောင်း၊ အများစုသည် အရှေ့အာရှတွင် နေထိုင်ကျက်စားလျက်ရှိကြကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားအပြီး လက်စွမ်းပြတီးခတ်ဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် နိုဝင်ဘာ ၅

**ရည်ရွယ်ချက် (၆)ရပ်ဖြင့် အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာဖြင့် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သော ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။**

## တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဆုရရှိကြသူများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သမီး) တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မခေါင်နှော၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မရတနာစွမ်းထက်ကျော်၊ တတိယဆုရ မန္တလေးတိုင်းမှ မချောကလျာစိုးနှင့် အထူးဆုရ ကချင်ပြည်နယ်မှ မအိအိမွန်တို့အားလည်းကောင်း ဆုများ ချီးမြှင့်သည်။

ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ခန့်ကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၊ တတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်စတားဗိုလ်ထက်နှင့်စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–

ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းနှင့် မွန်ပြည်နယ်မှ မဝင်းသန္တာအောင်၊ တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်းတို့အား လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မအောင်ဗိုလ်မ၊ ဒုတိယဆုရ မန္တလေး

ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးဗေထိနှင့်အဖွဲ့တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသား)အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာထွန်းဝေနှင့်အဖွဲ့၊ ဒုတိယဆုရရှိကြသော မန္တလေးတိုင်းမှ မောင်ဟိန်းထက်နှင့်အဖွဲ့နှင့် ပဲခူးတိုင်းမှ ဦးဇင်မင်းလတ်နှင့် အဖွဲ့၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးသက်နိုင်နှင့် အဖွဲ့တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှမောင်မင်းသိန်းထွန်းနှင့် အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ထွန်းနှင့် အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်မိုးနိုင်အောင်နှင့်အဖွဲ့တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။



**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) တယောပြိုင်ပွဲ ပထမဆုရ ရခိုင်ပြည်နယ်မှ မလွင်လွင်ချိုထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



**တရားသူကြီးချုပ် ဦးအောင်တိုး ပညာရှင်အဆင့်(အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



**ရှေ့နေချုပ် ဦးအေးမောင် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ဆိုင်း တစ်ဦးချင်းပြိုင်ပွဲ ပထမဆုရ စစ်ကိုင်းတိုင်းမှ မအောင်ဗိုလ်မအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်

## သာသနာရေးဝန်ကြီးဆုချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနား အစီအစဉ်အရ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အတီးပြိုင်ပွဲ၏ တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ရခိုင်ပြည်နယ်မှ မလွင်လွင်ချိုထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသိမ့်သဇင်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနော်သူးလေဖောဝေတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး) တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသီရိလှိုင်၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မအေးစုမွန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှမစန္ဒာဝင်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသမီး) တယောထိုးပြိုင်ပွဲ၌ ပထမဆုရ ကယားပြည်နယ်မှ နော်ဒိုနေထူး၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မသင်းသင်းယုအောင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မနွယ်မျိုးအေးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုး

## တရားသူကြီးချုပ်ဆုချီးမြှင့်

ထို့နောက် တရားသူကြီးချုပ် ဦးအောင်တိုးက ပညာရှင်အဆင့် (အမျိုးသား) အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းနှင့် မန္တလေးတိုင်းမှ ဦးစိန်ဝင်းမြင့်၊ တတိယဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးမြတ်ဇင်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးစိန်ပေါက်စီနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသော မန္တလေးတိုင်းမှ မောင်အောင်အောင်နှင့် ရခိုင်ပြည်နယ်မှ မောင်စိုးသိန်း၊ ဒုတိယဆုရရှိကြသော စစ်ကိုင်းတိုင်းမှ ဦးမျိုးသူနှင့် မွန်ပြည်နယ်မှ မောင်မျိုးသန့်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်လွင်ကိုကိုဦးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် (အမျိုးသား)

၁၅)နှစ်(အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်သိန်းဘိုဘို၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်အာကာနှင့် တတိယဆုရရှိကြသော မန္တလေးတိုင်းမှ မောင်သန်းနိုင်နှင့် ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀) နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်စိန်ဘိုထွားတို့အားလည်းကောင်းဆုများ ချီးမြှင့်သည်။

## ရှေ့နေချုပ်ဆုချီးမြှင့်

ဆက်လက်၍ ရှေ့နေချုပ် ဦးအေးမောင်က ပညာရှင်အဆင့်(အမျိုးသမီး) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေးနှင့် ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်း၊ ဒုတိယဆုရရှိကြသော

တိုင်းမှ မသန္တာခွေးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မမေဇွန်မြင့်ဆွေတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး)ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဥ္စာစတင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ)ပေါက်ကျော်မနှင့် တတိယဆုရ မန္တလေးတိုင်းမှ မနုနုလွင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန္ဒာဝင်း(ခ)နန္ဒာဝင်းဗိုလ်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မနှင်းဇာခြည်ဦးနှင့် တတိယဆုရ မန္တလေးတိုင်းမှ မရွှေဇင်ကလျာထက်ထက်ကျော်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ တတိယဆုရရှိကြသော မန္တလေးတိုင်းမှ မစပယ်ဖွေးနှင့် ကချင်ပြည်နယ်မှ မကြည်ကြည်သာတို့အားလည်းကောင်း၊ ပညာရှင်အဆင့်(အမျိုးသား) အိုးစည်အတီး

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စတားဗိုလ်ထက်နှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းနှင့်အဖွဲ့နှင့် တတိယဆုရမန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသား) အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မင်းကိုကိုနှင့်အဖွဲ့နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်ဇော်မျိုးထက်နှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်အောင်ဇော်မျိုးနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်နှင့် အဖွဲ့တို့အားလည်းကောင်း၊ ပညာရှင်အဆင့်

***စာမျက်နှာ ၆ ကော်လံ ၁ သို့***

6-11 (05).p65 1 3/30/05, 9:51 PM

# စာရင်းစစ်ချုပ်ရုံး(၁၇)ကြိမ်မြောက် ဘုံကထိန်ကျင်းပ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင် ကထိန်သင်္ကန်းဆက်ကပ်

ရန်ကုန် နိုဝင်ဘာ ၅

စာရင်းစစ်ချုပ်ရုံး၏ (၁၇)ကြိမ်မြောက် ဘုံကထိန်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး၌ ကျင်းပရာ စင်ကာပူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မအမှူးပြုသောကျောင်းတိုက် အသီးသီးမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်ကြည်ညို၍ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက်စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၅

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ် ဆရာသက်ကြီးဝိပဿနာဓမ္မရိပ်သာ၌ နိုဝင်ဘာ ၁၁ ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့်နေ့ ညနေ၃နာရီထက် နောက်မကျစေဘဲမိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး မင်္ဂလာဇျူဟာ အသင်းချုပ်သို့လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။ **(က-ပ)**

# တာချီလိတ် ဝမ်ပုံကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးခြံ လယ်ယာ/ ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး စိန်တစ်လုံးသရက်နှင့် ဆီးပန်းသီးပင်များ၊ လိမ္မော်ပင်များနှင့် အုန်းပင်များကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အားပေးသည်။

အဆိုပါ စိုက်ပျိုးရေးခြံ၌ စိန်တစ်လုံးသရက်ပင် ၇၆၀၀၊ အုန်းပင် ၂၀၀၀၊ ဆီးပင် ၂၃၀၀၊ ပျားလိမ္မော်ပင် ၅၂၀၀၊ နှင်းသီးပင် ၃၅၀၀ စိုက်ပျိုးထားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒေသ၌အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများနှင့် ပျားလိမ္မော်ပင်များကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက်ဝန်ကြီးသည် ဈေးကွက်သို့ တင်ပို့ရာတွင် အတန်းအစားအလိုက် အဆင့်မီ အရည်အသွေးကောင်းသီးနှံများ ရရှိရေးအတွက် ဆောင်ရွက်နေမှု အဆင့်ဆင့်ကို ကြည့်ရှုအားပေးပြီး ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို မှာကြားသည်။ **(သတင်းစဉ်)**



ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် အခြေခံပညာအဆင့်အသက်(၁၀-၁၅)နှစ် အိုးစည်ပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်နှင့်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် အခြေခံပညာအဆင့်အသက်(၅-၁၀)နှစ် (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ ပထမဆုရမန္တလေးတိုင်းမှမစပယ်ဖွေးနှင့်အဖွဲ့အား ဆုချီးမြှင့်စဉ်။(သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ဦးနှင့်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၅ မှ*

ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဦးဇော်သက်နိုင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးဌေးလွင်နှင့်အဖွဲ့၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဦးကျော်ဇင်လတ်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်သူ(ခ) အောင်နိုင်ဝင်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဖေယျာထွန်းဝေနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်မင်းသိန်းထွန်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စတားဗိုလ်ထက်နှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းနှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်မင်းသိခ်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်သုတထွန်းနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ငြိမ်းချမ်းမင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်နှင့် အဖွဲ့တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

**ညီလာခံကျင်းပရေး**

**ကော်မရှင်အဖွဲ့ဝင်ဆုချီးမြှင့်**

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က ပညာရှင်အဆင့်(အမျိုးသား)ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးစိန်မင်းနိုင်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ စိန်ရှုဝံနှင့် အဖွဲ့၊ တတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ ဦးအောင်ဗိုလ်မင်းနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးကောင်းသန့်နှင့်အဖွဲ့တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မျိုးသန့်တင်(ခ) ဗိုလ်ဗိုလ်သိန်းနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေးဖိုးဇော်နှင့်အဖွဲ့နှင့် တတိယဆုရ ပဲခူးတိုင်းမှ ဦးမောင်မောင်ညွန့်(ခ) ဆန်းသစ်အောင်နှင့် အဖွဲ့တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်လွင်ကိုကိုဦးနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှမောင်အောင်အောင် အဖွဲ့နှင့် တတိယဆုရ မကွေးတိုင်းမှ မောင်မျိုးဝင်းနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်နေအောင် (ခ) စိန်မျက်ပြူးနှင့် အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦးနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ခန့်ကျော်နှင့်အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှမောင်ထက်အာကာနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ချမ်းသာနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ဦးနှင့်အဖွဲ့၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ကျော်ထက်နှင့် အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်နှင့်အဖွဲ့တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

**ယဉ်ကျေးမှုဒုတိယဝန်ကြီးဆုချီးမြှင့်**

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ပညာရှင်အဆင့် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်နုနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒို့ဗိုလ်မနှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်အေးမာသီနှင့်အဖွဲ့တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်းနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ဗိုလ်လှနှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ထားထားမြင့်နှင့်အဖွဲ့တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအိအိမွန်နှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ မမေဇွန်မြင့်ဆွေနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဇ္ဇာစတင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ)ပေါက်ကျော်မနှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မနုနုလွင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စုနှင့်အဖွဲ့၊ တတိယဆုရ ဧရာဝတီတိုင်းမှ မယုဝေနှင်းနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ်(အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မစပယ်ဖွေးနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်နှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ မမြတ်နိုးခင်နှင့်အဖွဲ့တို့အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။

ထို့နောက် ဝါသနာရှင်အဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးစိန်တင်အောင်က ဒုံမင်းလက်သံဖြင့် လည်းကောင်း၊ ကယားပြည်နယ်မှ မောင်ထွန်းဖေ(ခေါ်)လော်ရင်းနှင့်အဖွဲ့က အိုးစည်ဖြင့်လည်းကောင်း၊ မောင်နေလင်းထွန်းနှင့်အဖွဲ့က ဒိုးပတ်ဖြင့်လည်းကောင်း လက်စွမ်းပြ တီးခတ်ဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၅နာရီတွင် ရုပ်သိမ်းလိုက်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များ၊ စာပေနှင့်ဂီတ ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပခဲ့သည့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေ ယာယီညှိနှိုင်းရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ခေတ္တနာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေ ယာယီညှိနှိုင်းရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါလာ**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲစည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၅

**၂၀၀၅ခုနှစ် မတ် ၂၇ရက်တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်၏အစဉ်အလာကောင်းများကို ဖော်ကျူးသောအကြောင်းအရာများ၊ ကုန်းဘောင်ခေတ် အေဒီ–၁၈၂၄ခုနှစ်၊ လွတ်လပ်ရေးခေတ် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ်များမှ ခေတ်တစ်ခေတ်၏ ဇာတိဂုဏ်၊ အမျိုးဂုဏ်စသော သမိုင်းဝင်ဖြစ်ရပ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဘာသာ၊ သာသနာ ဆောင်ရွက်မှုများ၊ တည်ဆောက်ပြုပြင်ရေးဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်မှုများ စသည့်အကြောင်းအရာများကို ရေးဖွဲ့နိုင်သည်။

ကဗျာများကို အကဲဖြတ်ရာတွင် အကြောင်းအရာပိုင်း၊ တင်ပြပုံအပိုင်း၊ ရေးဖွဲ့ပုံအပိုင်းဟူသော အပိုင်းသုံးပိုင်းကို အခြေခံ၍ အမှတ်ပေးစနစ်ဖြင့် အကဲဖြတ်သွားမည်ဖြစ်သည်။

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ ခွဲခြားကျင်းပသွားမည်။ တပ်မတော်နေ့ကဗျာပြိုင်ပွဲ၊ အမျိုးသားဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူဦးအုံးဖေစာပေဆု ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့သူများနှင့် အမျိုးသားစာပေဆုရရှိသူများသည် အဆင့်(၁)တွင် လည်းကောင်း၊ အထက်ပါဆုများ မရရှိသေးသူများသည် အဆင့်(၂)တွင်လည်းကောင်း ယှဉ်ပြိုင်ရမည်။ ခြွင်းချက်အနေဖြင့် အထက်ပါဆုများ မရရှိခဲ့သော်လည်း မိမိဆန္ဒအလျောက် အဆင့်(၁)တွင် ယှဉ်ပြိုင်လိုပါက ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးသည် အဆင့်(၁)ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့်ရှိပြီး မိမိယှဉ်ပြိုင်သည့် အဆင့်နံပါတ်ကို ကဗျာစာမူတွင် ထင်ရှားပီသစွာ ရေးသားဖော်ပြရမည်ဖြစ်သည်။

အဆင့်(၁)တွင် ကဗျာရှည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲ ဟူ၍ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ပေးထားရာ မည့်သည့်အဆင့်တွင်မဆို ပြိုင်ပွဲဝင်တစ်ဦးသည် အမျိုးအစားနှစ်မျိုးစလုံးတွင်ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိသည်။ သို့ရာတွင် အမျိုးအစားတစ်မျိုးတွင် ကဗျာတစ်ပုဒ်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကဗျာတိုတွင် ပါဒ ၁၀၀ မှ ၃၀၀ ထိ၊ ကဗျာရှည်တွင် ပါဒ ၁၀၀၀ မှ ၂၀၀၀ ထိ ရေးစပ်နိုင်သည်။ ကဗျာတိုတွင် ပါဒအပိုအလို ၃၀၊ ကဗျာရှည်တွင် ပါဒ ၅၀သာခွင့်ပြု၍ ယင်းအချက်နှင့် မကိုက်ညီသောကဗျာများကို စဉ်းစားမည်မဟုတ်ပါ။

ကဗျာစပ်ထုံး၊ ကဗျာစပ်နည်းမှန်ကန်ရမည့်အပြင် ကာရန်မဲ့ကဗျာနှင့် မော်ဒန်ကဗျာများကို လက်ခံမည်မဟုတ်ဘဲ ကဗျာစာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်းသေသပ်စွာရေးသားပြီး မိတ္တူနှစ်စောင် ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်သူ၏အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာများနှင့်အတူ နှစ်လက်မ နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။ ဆုရကဗျာများကို နိုင်ငံတော်က သုံးစွဲခွင့်ရှိသည်။ ပင်ကိုရေးကဗျာဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဘူးကြောင်း ဝန်ခံချက်ပါရှိရမည်။ စည်းကမ်းချက်နှင့်မညီသော စာမူများကို လက်ခံမည်မဟုတ်ပါ။

ပြိုင်ပွဲဝင်ကဗျာစာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ ၃၁–၁–၂၀၀၅ရက်ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာပေဗိမာန် အမှတ် (၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၃၇၄၅၃၂ သို့ လိပ်မူ၍ ပေးပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၆–၁၁–၂၀၀၄(စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar Made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း–၄၁)
- ၁၄:၁၀ ၇။ ကျေးပင်အက်ရေလှောင်တမံ
- ၁၄:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၉။ ဖြူးချောင်းတံတား
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၁၇:၅၀ ၈။ တေးဂီတအစီအစဉ်
- ၁၈:၀၅ ၉။ လမှူးတံတား
- ၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Discovery.
- ၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း–၂၉)
- ၁၉:၄၅ ၁၅။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည်ဆန်းကြယ်လှသည်"** (အပိုင်း–၁၄)

## သံယုတ်မြန်မာပြန်စာမေးပွဲ စာအောင်ဆုနှင်းမည်

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးမှ ကြီးမှူးကျင်းပသော (၃၈)ကြိမ်မြောက် သံယုတ်မြန်မာပြန်စာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် (၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ရက်)တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်စာဖြေဌာနမှ စာမေးပွဲအောင်မြင်သူများအားလုံး အမှတ် ၁၈၄ ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ် အဖွဲ့ချုပ်ဓမ္မာရုံသို့ တက်ရောက်ဆုယူနိုင်ရန် ဖိတ်ကြားထားကြောင်းသိရသည်။

**(က–ပ)**




**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)**

## * ကျောပုံးမှ

ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ လိုက်ပါလျက် နံနက် ၈ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၄၂မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိသည်။

## ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းဒေသ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Zhang Weixue၊ နန်နင်းမြို့တော်ဝန် မစ္စတာ လင်ဂေါ်ချင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် သံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် အမျိုးသမီးတစ်ဦးက ပန်းစည်းပေးအပ်၍ ဂုဏ်ပြုကြိုဆိုပြီး ရိုးရာယဉ်ကျေးမှုအဖွဲ့ကလည်း ယဉ်ကျေးမှုအကတို့ဖြင့် ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Wharton International Hotel သို့ ရောက်ရှိကြသည်။

## တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ညနေ ၄ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Ming Yuan Hotel သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား တွေ့ဆုံနှုတ်ဆက်သည်။




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ -၂၀၀၄ ကို ဖွင့်လှစ်ပေးလိုက်ကြောင်း ကြေညာစဉ်။ (သတင်းစဉ်)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr.Bo Xilai၊ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Bochun၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. An Min၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Wudawei နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီတို့သည် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပမာဏတိုးမြှင့်ရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

## မိတ်ဆွေရင်းနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမှာ သမိုင်းကြောင်းအရ ရှည်လျားစွာတည်ရှိခဲ့ပြီး မိတ်ရင်းဆွေရင်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုကိုအထူးအလေးထားသကဲ့သို့ မြန်မာနိုင်ငံက တရုတ်နိုင်ငံ တစ်နိုင်ငံတည်း မူဝါဒကို အစဉ်အမြဲကျင့်သုံးထောက်ခံလျက်ရှိသည်ကို အမြဲသတိတရ ကျေးဇူးတင်ရှိပါကြောင်း။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာများကို မြန်မာပြည်သူများကသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများက ဖိအားပေးအကျပ်ကိုင်၍ မရနိုင်ကြောင်း၊ တရုတ်ပြည်သည် မြန်မာပြည်၏ မိတ်ဆွေရင်း နိုင်ငံအဖြစ် အမြဲရပ်တည်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

## အထူးကျေးဇူးတင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံအကြား မွန်မြတ်သည့် အစဉ်အလာချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဘက်စုံပိုမို မြင့်မားလာအောင် ဦးတည်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒကို မိမိတို့ မြန်မာနိုင်ငံက အမြဲကျင့်သုံးသွားမှာဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှာလည်း တည်ငြိမ်အေးချမ်းလျက်ရှိပြီး တိုးတက်အောင်မြင်မှုများရရှိလျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများ၊ ဒေသအတွင်း အိမ်နီးချင်းနိုင်ငံများက နိုင်ငံတကာနယ်ပယ်မှာရော ဒေသတွင်းမှာပါ မိမိနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် နားလည်မှု၊ အားပေးထောက်ခံမှုများ ပြုလျက်ရှိသည့်အတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များသည် မိမိတို့နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၏လေးနက်မှုကို ဖော်ညွှန်းလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းပြောကြားပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးကို ပုံမှန်ကုန်သွယ်ရေးစနစ်အဖြစ် စနစ်တကျကူးပြောင်းကျင့်သုံးရေး၊ ရည်မှန်းထားသည့်အတိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*




## တရုတ်-အာဆီယံ စည်းလုံးညီညွတ်မှု ရေသွန်းလောင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း အာဆီယံ နိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်တို့နှင့် အတူ အာဆီယံပန်းခင်းကြီးကို တရုတ်-အာဆီယံ စည်းလုံးညီညွတ်မှုအဖြစ် ရေသွန်းလောင်းပေးကြစဉ်။

(သတင်းစဉ်)

6-11 (08).p65 8 3/30/05, 9:51 PM

# မြန်မာ–တရုတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု၏လေးနက်မှုကို ဖော်ညွှန်းလျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ **Li Yuan Hotel**၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန **China Council for the Promotion of International Trade (CCPIT)**နှင့် ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရတို့ ပူးပေါင်းတည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)





## ညစာစားပွဲတက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ **Li Yuan Hotel**၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန **China Council for the Promotion of International Trade (CCPIT)**နှင့် ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရတို့ ပူးပေါင်းတည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)



## တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ **Ming Yuan Hotel** တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)





# နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပထမအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ – ၂၀၀၄ အတွင်း ခင်းကျင်းပြသထားသော တရုတ်နှင့်အာဆီယံ နိုင်ငံအလိုက် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)




ပထမအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ –၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ **Li Yuan International Convention and Exhibition Centre** ၌ ကျင်းပစဉ်။ (သတင်းစဉ်)

# ဓာတ်ငွေ့လောင်စာသုံးအင်ဂျင်များ

ဦးအုန်းမြင့် (ဒီဇယ်)

ကမ္ဘာပေါ်တွင် စွမ်းအားများ ထုတ်လုပ်နိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ် တစ်ခုခုကို အသုံးပြုကြသည်။ စွမ်းအင်များကို အမျိုးအစားသုံးမျိုး ခွဲခြားထားသည်။ (၁)မီးခိုးထွက်သောစွမ်းအင်၊ (၂) အသစ်ပြန်လည်ဖြစ်ပေါ်သော စွမ်းအင်နှင့် (၃)မီးခိုးမထွက်သောစွမ်းအင်တို့ဖြစ်ကြသည်။ လေယာဉ်ဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီ၊ မီးထိုးဆီ၊ သဘာဝဓာတ်ငွေ့၊ ယူရေနီယမ်စသည်များသည် မီးခိုးထွက် သောသဘာဝစွမ်းအင်အရင်းအမြစ်များ ဖြစ်ကြသည်။ ထိုလောင်စာများသည် မြေကြီးအောက်မှ တူးဖော်ရရှိသော ရုပ်ကြွင်းလောင်စာဆီများသာ ဖြစ်သည်။

ရုပ်ကြွင်းလောင်စာများသည် ပြန်လည်ဖြစ်ပေါ်ခြင်းမရှိပေ၊ တစ်ကြိမ်သာ အသုံးပြု၍ရသည်။ အဆိုပါလောင်စာများကို လိုအပ်ချက်၏၉၀ရာခိုင်နှုန်းအထိ အသုံးပြုလျက်ရှိသည်။

ဒုတိယစွမ်းအင်မှာ အသစ်ပြန်လည် ဖြစ်ပေါ်သောစွမ်းအင်ဖြစ်သည်။ သစ်သား၊ သစ်ပင်နှင့် ဇီဝဖြစ်စဉ်များသည် အသစ်ပြန်လည်ဖြစ်ပေါ်သောစွမ်းအင် အရင်းအမြစ်များ ဖြစ်ကြသည်။ အသစ်ပြန်လည်ဖြစ်ပေါ်လာသော စွမ်းအင်အရင်း အမြစ်မှ လောင်စာအချို့မှာ ဂက်ဆိုဟော (Gasohol)၊ မက်သနော (Methonol) နှင့် နည်းလမ်းတစ်ခုမှာ သက်ရှိ ပိုးမွှားပြောင်းလဲခြင်း (Bio Conversion) တို့ ဖြစ်ကြသည်။ ဂက်ဆိုဟောတွင် ခဲမပါသော ဓာတ်ဆီ ကိုးပုံနှင့် အီသိုင်းအယ်လ်ကိုဟော (Ethyl Alcohol)တစ်ပုံ ရောစပ်ထားခြင်းဖြစ်သည်။ ဓာတ်ဆီအသုံးပြုသောကားများနှင့် ထရပ်ကားများတွင် အစားထိုးသုံးစွဲခြင်းဖြစ်သည်။ အီသိုင်းအယ်လ်ကိုဟောကို ဂျုံ၊သို့မဟုတ် ချိုသော အသီးအနှံများကို အရက်ချက်ခြင်းနည်းလမ်းမှ ရရှိခြင်းဖြစ်သည်။ ထိုအရက်ဖြင့် ဓာတ်ဆီ ရောစပ်ခြင်းဖြစ်သည်။

မက်သနော၊ သို့မဟုတ် မီသိုင်းအယ်လ်ကိုဟောသည် သန့်ရှင်းစွာမီးလောင်သော အရည်လောင်စာဖြစ်သည်။ငင်းကို သဘာဝဓာတ်ငွေ့နှင့်ကျောက်မီးသွေးမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ အရင်းအမြစ်သည် အသစ်ပြန်လည်မဖြစ်ပေါ်သော စွမ်းအင်ဖြစ်သည်။ သို့သော် မက်သနောကို အသစ်ပြန်လည်ဖြစ်ပေါ်သော အရင်းအမြစ်မှထုတ်လုပ်ထားခြင်းဖြစ်သည်။ အရင်းအမြစ်တွင် သစ်သားများ၊ သစ်ပင်များနှင့် အိမ်ဘေးထွက်ပစ္စည်းများ၊ လယ်ယာမြေများနှင့် စက်ရုံအလုပ်ရုံ ဘေးထွက်ပစ္စည်းများ ပါဝင်သည်။

နောက်ထပ် နည်းလမ်းတစ်မျိုးမှာ ဘိုင်အိုကွန်ဗားရှင်း (Bio conversion) ဖြစ်သည်။ ၎င်းနည်းလမ်းသည် စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်သော နည်းလမ်းဖြစ်သည်။ စွန့်ပစ်ပစ္စည်းများ၏ အရင်းအမြစ်များသည် သက်ရှိပိုးမွှားများဖြစ်သည်။ အစားအစာထုတ်လုပ်မှုမှ စွန့်ပစ်ပစ္စည်းများ၊တိရစ္ဆာန်များ၏စွန့်ပစ်ပစ္စည်းများ၊သစ်တောဘေးထွက်ပစ္စည်းများ၊ စက္ကူ၊ စက္ကူကတ်ပြားနှင့် သစ်သားများဖြစ်သည်။ ၎င်းတို့အားလုံးအား မီးရှို့ခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်းဖြင့် အယ်လ်ကိုဟော၊ လောင်စာဆီနှင့်မီသိန်းတို့ကို ဖြစ်ပေါ်စေသည်။

သုံးစွဲ၍ မကုန်နိုင်သော အခြားသော စွမ်းအင်အရင်းအမြစ် တစ်ခုမှာ မီးခိုးမထွက်သော စွမ်းအင်ဖြစ်သည်။ ၎င်းတို့မှာ–

(၁) နေရောင်ခြည်စွမ်းအင်၊ (၂) ရေအားလျှပ်စစ်စွမ်းအင်၊ (၃) လေအဟုန်စွမ်းအင်၊ (၄) ပင်လယ်ဒီရေစွမ်းအင်၊ (၅) ပင်လယ်အပူစွမ်းအင်၊ (၆) ပင်လယ်ဆားငန်ရည်နှင့် နေမှရသော စွမ်းအင်၊ (၇) ဟိုက်ဒရိုဂျင်စွမ်းအင်နှင့် (၈) ဘူမိ အပူစွမ်းအင်တို့ ဖြစ်သည်။

အထက်ပါ စာရင်းတွင် ပါဝင်သော အရင်းအမြစ်များသည် အခြေခံအားဖြင့် လူသားတို့ထိန်းချုပ်သောအားကြောင့် အသစ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ နေရောင်ခြည်စွမ်းအင်ကို နောင်နှစ်ပေါင်း ၅ဘီလီယံအထိ ပုံမှန်ရရှိနေမည် ဖြစ်သည်။ ထို့ကြောင့် နေသည် မီးခိုးမထွက်သော စွမ်းအင်ဖြစ်သည်။

အတွင်းမီးလောင်ပေါက်ကွဲသောအင်ဂျင်များတွင်အသုံးပြု၍ရသော လောင်စာဓာတ်ငွေ့များမှာ သဘာဝဓာတ်ငွေ့၊ ပရိုဂျူဆာဓာတ်ငွေ့နှင့် ဇီဝဓာတ်ငွေ့တို့ ဖြစ်ကြသည်။

သဘာဝဓာတ်ငွေ့သည် မီးခိုးထွက်သော စွမ်းအင်အရင်းအမြစ်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာဆီ ဖြစ်သည်။ မြေကြီးအောက်မှ တူးဖော်ရရှိသော ဓာတ်ငွေ့ ဖြစ်သည်။ ၎င်းဓာတုဖွဲ့စည်းမှုမှာ $CH_4$ ဖြစ်သည်။မီသိန်းဓာတ်ငွေ့ ၈၄ဒသမ ၉ ရာခိုင်နှုန်း ပါဝင်သည်။ ၎င်းဓာတ်ငွေ့ကို ဖိအားပေး၍အသုံးပြုနိုင်သည်။ သဘာဝဓာတ်ငွေ့ကို အပူလိုအပ်သော လုပ်ငန်းများတွင် အသုံးပြုနိုင်သည့်အပြင် အတွင်းမီးလောင်ပေါက်ကွဲသော အင်ဂျင် (Internal Combustion Engine)များတွင် လောင်စာအဖြစ် အသုံးပြုနိုင်သည်။ ၎င်းသည် အပူတန်ဖိုး (Calorific Value) တန်ဖိုးမြင့်သဖြင့် စက်စနိုးရာတွင် အခြားလောင်စာများ မလိုအပ်ပါ။ မူလဓာတ်ဆီ၊သို့မဟုတ် ဒီဇယ်အင်ဂျင်များကို ပြုပြင်ပြောင်းလဲ၍ သဘာဝ ဓာတ်ငွေ့ဖြင့် မောင်းနှင်နိုင်သည်။

ဓာတ်ဆီအင်ဂျင်ကို ပြောင်းလဲရာတွင် ပြုပြင်ပြောင်းလဲမှု အနည်းငယ်သာ လိုအပ်သည်။ ဓာတ်ဆီအင်ဂျင်၏ ကာဘရိုက်တာ(Carburetor) ပေါ်တွင် လေနှင့် ဓာတ်ငွေ့ ရောနှောသောပစ္စည်းကိုတပ်ဆင်၍ အသုံးပြုနိုင်သည်။ ထို့ပြင် ဓာတ်ငွေ့သိုလှောင်အိုးများနှင့်ဓာတ်ငွေ့ထိန်းချုပ်ကိရိယာများ တပ်ဆင်ရမည်ဖြစ်သည်။ဒီဇယ်အင်ဂျင်ကိုပြုပြင်ပြောင်းလဲရာတွင် ပထမဦးစွာ ဓာတ်ဆီအင်ဂျင်ကဲ့သို့ပြောင်းလဲ၍ ထိုမှ တစ်ဆင့်ဓာတ်ငွေ့မောင်းအင်ဂျင်သို့ပြောင်းလဲရမည်ဖြစ်သည်။

ဘိုင်အိုကွန်ဗားရှင်း နည်းလမ်းကြောင့် ဖြစ်ပေါ်လာသော လောင်စာဓာတ်ငွေ့ နှစ်မျိုးမှာ ပရိုဂျူဆာဓာတ်ငွေ့ (Producer Gas) နှင့် ဇီဝဓာတ်ငွေ့ (Bio Gas) တို့ဖြစ်ကြသည်။ဘိုင်အိုကွန်ဗားရှင်းမှာ အသစ်ပြန်လည် ဖြစ်ပေါ်သော စွမ်းအင်အမျိုးအစားတွင်ပါဝင်သည်။၎င်းကို တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ လည်းကောင်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများမှလည်းကောင်း၊ သစ်တော ဘေးထွက်ပစ္စည်းများနှင့် အချို့သော စားသောက်ကုန်စက်ရုံစွန့်ပစ်ပစ္စည်းများမှလည်းကောင်း ထုတ်လုပ်ရယူနိုင်သည်။ ယခုအသုံးပြုသော ပရိုဂျူဆာဓာတ်ငွေ့ကို စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းဖြစ်သည့် စပါးခွံနှင့် သစ်တောဘေးထွက်ပစ္စည်းဖြစ်သည့် သစ်တိုသစ်စ၊ ကိုင်းဖျားကိုင်းနားမှ ထုတ်ယူခြင်းဖြစ်သည်။ ဇီဝဓာတ်ငွေ့ကိုမူ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းဖြစ်သော'နွားချေး'မှ ထုတ်ယူခြင်းဖြစ်သည်။

ပြောင်းလဲပေးသော အင်ဂျင်များ၏ မူလမှာ ဓာတ်ဆီအင်ဂျင်၊ သို့မဟုတ် ဒီဇယ်အင်ဂျင်ဖြစ်သည်။ ၎င်းအင်ဂျင်များကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ ဓာတ်ငွေ့များဖြင့် မောင်းနှင်ခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရာတွင် အောက်ပါအချက်များကို ဂရုပြုရမည် ဖြစ်သည်။

ပထမဆုံးအချက်မှာ ထုတ်လုပ်သော စွမ်းအားအပေါ် ကွန်ပရက်ရှင်း အချိုး၏ သက်ရောက်မှုနှင့် စွမ်းရည်သက်ရောက်မှုဖြစ်သည်။ ဒုတိယအချက်မှာ စွမ်းအားထုတ်လုပ်သည့် လောင်စာဆီ၏ အပူတန်ဖိုး (Calorific Value) သက်ရောက်မှုပင်ဖြစ်သည်။ တတိယအချက်မှာ သက်ရောက်မှုနှင့် ထုတ်လုပ်မှုကြားတွင်ဖြစ်ပေါ်သောမော်လီကျူး ပြောင်းလဲမှုတို့၏သက်ရောက်မှုဖြစ်သည်။ စတုတ္ထအချက်မှာ တာဘိုချာဂျာ (Turbo Charger)၏သက်ရောက်မှုဖြစ်သည်။ကွန်ပရက်ရှင်းအချိုး၏ သက်ရောက်မှုနှင့်စွမ်းရည်သက်ရောက်မှုကို ဇယားအမှတ်(၁)ဖြင့် လည်းကောင်း၊ လောင်စာဆီ အပူတန်ဖိုးသက်ရောက်မှုကို ဇယား(၂)ဖြင့် လည်းကောင်း၊ မော်လီကျူးပြောင်းလဲမှုတို့၏ သက်ရောက်မှုကို ဇယား(၃)ဖြင့် လည်းကောင်း ဖော်ပြထားသည်။

ဇယား (၁)




ဇယား (၂)

| လောင်စာဆီ | မော်လီကျူးပြောင်းလဲမှု အကြောင်းအရာ | သီအိုရီအရအပူ ဖြစ်ပေါ်မှု K· | အပူချိန် အကြောင်းအရာ |
|---|---|---|---|
| ဒီဇယ် | 1.0 | 2290 | 1 |
| သဘာဝဓာတ်ငွေ့ | 1.0 | 2225 | 1 |
| ပရိုဂျူဆာဓာတ်ငွေ့ | 0.86 | 1925 | 0.87 |
| ဇီဝဓာတ်ငွေ့ | 0.91 | 2160 | 0.97 |

ဇယား (၃)

| လောင်စာဆီ | အနိမ့်ဆုံးအပူ တန်ဖိုး MJ/kg | လေနှင့်လောင်စာ အချိုး | စွမ်းအင် သိပ်သည်းခြင်း $MJ/M^3$ |
|---|---|---|---|
| ဒီဇယ် | 42.5 | 18 | 2.83 |
| သဘာဝဓာတ်ငွေ့ | 45.0 | 18 | 3.00 |
| ပရိုဂျူဆာဓာတ်ငွေ့ | 5.2 | 1.2 | 2.40 |
| ဇီဝဓာတ်ငွေ့ | 23.6 | 11 | 2.30 |

အင်ဂျင်ပြောင်းလဲမှုများ မပြုလုပ်မီ အသုံးပြုမည့်ဓာတ်ငွေ့၏ဂုဏ်သတ္တိများ၊ ဓာတုဗေဒဖွဲ့စည်းမှုများကိုပါ သိရှိရန် လိုအပ်သည်။

ထို့အတူ မူလဒီဇယ်အင်ဂျင်ကို ပြောင်းလဲရာတွင် အရေးအကြီးဆုံးအချက်မှာ ကွန်ပရက်ရှင်း အချိုးလျှော့ချရန် ဖြစ်သည်။ဒီဇယ်အင်ဂျင်၏ ကွန်ပရက်ရှင်းအချိုးမှာ ၁၆း၁ မှ ၂၄း၁ အထိ ရှိတတ်သည်။ ဓာတ်ငွေ့အင်ဂျင်၏ ကွန်ပရက်ရှင်းအချိုးမှ ၇း၁ မှ ၉း၁အတွင်းသာရှိသည်။ ထို့အပြင် လျှပ်စစ်မီးပွင့် ထုတ်ပေးသောစနစ် (Ignition System) တပ်ဆင်ပေးခြင်းနှင့် လေနှင့်ဓာတ်ငွေ့ရောနှော စေသော မစ်ချာ (Mixture)တစ်ခုကို အင်ဂျင်၏ လေဝင်လမ်းကြောင်းတွင် တပ်ဆင်ပေးခြင်းပင် ဖြစ်သည်။

မူလ ဓာတ်ဆီအင်ဂျင်ကို ဓာတ်ငွေ့မောင်း အင်ဂျင်သို့ ပြုပြင်ပြောင်းလဲပါက ထုတ်လုပ်သော မြင်းကောင်ရေသည် မူလဓာတ်ဆီမြင်းကောင်ရေထက် အနည်းငယ် လျော့နည်းမည်ဖြစ်သည်။ သို့သော် မူလဒီဇယ်အင်ဂျင်မှ ဓာတ်ငွေ့မောင်းအင်ဂျင်သို့ပြောင်းလဲရာတွင် မူလအင်ဂျင် မြင်းကောင်ရေ၏ ၆၀ ရာခိုင်နှုန်းသာ သီအိုရီအရ ရရှိနိုင်မည်ဖြစ်သည်။



Gasifire Engine Plant ကို ဤသို့တွေ့ရသည်။

အဘယ်ကြောင့်ဆိုသော် လောင်စာဆီများ၏ အပူတန်ဖိုးများ မတူညီမှု၊ ကွန်ပရက်ရှင်း အချိုးလျှော့ချမှု၊ စွမ်းအင်သိပ်သည်းခြင်း မတူညီမှု၊ မော်လီကျူးပြောင်းမှု အကြောင်းအရာ၊ အပူချိန်ပြောင်းမှု အကြောင်းအရာနှင့် လေအရောအနှော စသည်တို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် အသုံးပြုလိုသော လုပ်ငန်း၏ လိုအပ်သော မြင်းကောင်ရေကို ကြိုတင်တွက်ချက်ရန် လိုအပ်သည်။

ပရိုဂျူဆာ (Gasifire) ဓာတ်ငွေ့ထုတ်လုပ်ရာတွင် လယ်ယာစွန့်ပစ်ပစ္စည်းများ၊ သစ်တော ဘေးထွက်ပစ္စည်းများ၊ စက်ရုံသုံးဘေးထွက်ပစ္စည်းများ ပေါများစွာရရှိနိုင်သဖြင့် အလျှံပယ်ထုတ်လုပ်နိုင်သည်။ အလျှံပယ်ထုတ်လုပ်နိုင်သဖြင့် မြင်းကောင်ရေ များစွာကို အသုံးပြုလိုသော လုပ်ငန်းများတွင် အသုံးပြုသင့်သည်။ ဇီဝဓာတ်ငွေ့ကိုမူ တစ်ပိုင်တစ်နိုင်စက်ရုံများ၊ ကျေးရွာများ လျှပ်စစ် မီးထွန်းရေး လုပ်ငန်းများတွင် အသုံးပြုသင့်သည်။

ယခု ပရိုဂျူဆာဓာတ်ငွေ့ကို သစ်တောဘေးထွက်ပစ္စည်းဖြစ်သော ကိုင်းဖျား၊ ကိုင်းနား၊ သစ်ပင်အပိုင်းအစ (Wood Chip) များမှ ထုတ်ယူခြင်းဖြစ်သည်။ ၎င်းဓာတ်ငွေ့၏ ဓာတုဗေဒဖွဲ့စည်းမှုမှာ ကာဗွန်မိုနောက်ဆိုဒ်၂၇ ရာခိုင်နှုန်း၊ ဟိုက်ဒရိုဂျင် ၁၄ရာခိုင်နှုန်း၊မီသိန်း ၃ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ၄ဒသမ၅ရာခိုင်နှုန်း၊ နိုက်ဒရိုဂျင် ၅၁ရာခိုင်နှုန်းတို့နှင့် အခြားဓာတ်ငွေ့အနည်းငယ်တို့ ဖြစ်ကြသည်။၎င်းကို လောင်စာအဖြစ်အသုံးပြုထားခြင်းဖြစ်သည်။

၎င်းဓာတ်ငွေ့ဖြင့်မောင်းနှင်သော အင်ဂျင်၏မူလမှာ ဒီဇယ်အင်ဂျင်ဖြစ်သည်။ ၎င်းအင်ဂျင်သည် Four Stroke Cycle Diesel Engine, Four Cylinder Inline Vertical, Water Cooled, Overhead Valve, Direct Injection, ၈၀HP (၆၀၀ rpm)ဖြစ်သည်။အဆိုပါအင်ဂျင်၏ ကွန်ပရက်ရှင်းအချိုးမှာ ၁၇း၁ဖြစ်သည်။ ၎င်းကို ဓာတ်ငွေ့မောင်းအင်ဂျင်၏ ကွန်ပရက်ရှင်းအချိုး၈း၁ သို့ ပြောင်းလဲပေးထားခြင်းဖြစ်သည်။၎င်းအင်ဂျင်ကို ပြုပြင်ပြောင်းလဲမှုခြောက်မျိုးဖြင့် ပြုပြင်ပြောင်းလဲထားခြင်းဖြစ်သည်။ ပြုပြင် ပြောင်းလဲရာတွင် ပြည်တွင်း၌ရှိနေသော နိုင်ငံခြားပစ္စည်းများနှင့် ပြည်တွင်းဖြစ်ပစ္စည်းများကိုသာ အသုံးပြုထားသည်။

၎င်းအင်ဂျင်၏ (Wood Chip)စားနှုန်းမှာ တစ်နာရီလျှင် နှစ်တင်းခန့် သာဖြစ်သည်။ သစ်ပင်သစ်သား၏အပွ၊ အကျစ်ပေါ်မူတည်၍ စားနှုန်းအနည်းငယ် ပြောင်းလဲမှုများရှိသည်။ ၎င်းအင်ဂျင်ကို ၃၀ K.V.A ဒိုင်နမိုဖြင့်တွဲ၍ အသုံးပြုလျက်ရှိသည်။

ဆက်လက်တင်ပြလိုသည်မှာ ဇီဝဓာတ်ငွေ့(Bio Gas) ဖြင့်မောင်းနှင်သော အင်ဂျင်ဖြစ်သည်။ ထိုအင်ဂျင်မောင်းသော ဇီဝဓာတ်ငွေ့မှာ တိရစ္ဆာန်စွန့်ပစ်ပစ္စည်း 'နွားချေး' ကုန်ကြမ်းပစ္စည်းမှ ထုတ်လုပ်ရယူခြင်းဖြစ်သည်။ နွားချေးကုန်ကြမ်းမှ ထုတ်ယူရရှိသော ဇီဝဓာတ်ငွေ့၏ ဓာတုဗေဒ

**ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းရှိ တိရစ္ဆာန် စွန့်ပစ်ပစ္စည်း 'နွားချေး' များများရနိုင်သော ကျေးရွာများတွင် ဇီဝဓာတ်ငွေ့အင်ဂျင်များဖြင့် ကျေးရွာများအား လျှပ်စစ်မီးပေးဝေလျက်ရှိသည်။ ကျေးရွာများရှိ အိမ်ခြေအလိုက် အင်ဂျင်အမျိုးမျိုးကို အသုံးပြုလျက်ရှိသည်။**

ဖွဲ့စည်းမှုမှာ မီသိန်း၅၄မှ ၇၀ရာခိုင်နှုန်း၊ ကာဗွန်မိုနောက်ဆိုဒ် သုညမှ ၁ရာခိုင်နှုန်း၊ အောက်ဆီဂျင် သုည ဒသမ ၅ မှ၁ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၂၇မှ၄၃ရာခိုင်နှုန်း၊ ဟိုက်ဒရိုဂျင် ၁မှ၁၀ရာခိုင်နှုန်း၊ ဟိုက်ဒရိုဂျင် ဆာလ်ဖိုက်၁မှ၃ရာခိုင်နှုန်းနှင့် အခြားဓာတ်ငွေ့အနည်းငယ်တို့ ဖြစ်ကြသည်။ ၎င်းဓာတ်ငွေ့တွင် မီသိန်းဓာတ်ငွေ့မှာ ၇၀ရာခိုင်နှုန်းခန့် ပါရှိသဖြင့် လောင်စာဓာတ်ငွေ့အဖြစ်အသုံးပြုခြင်းဖြစ်သည်။

၎င်းဓာတ်ငွေ့ဖြင့် မောင်းနှင်ခဲ့သော အင်ဂျင်၏ မူလမှာ ဒီဇယ်အင်ဂျင် ဖြစ်သည်။ ၎င်းအင်ဂျင်သည်

စာမျက်နှာ ၁၁ ကော်လံ ၁

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ဘက်စုံပိုမိုမြင့်မားလာအောင် ဦးတည်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန China Council for the Promotion of International Trade (CCPIT) နှင့် ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရတို့ ပူးပေါင်းတည်ခင်းသော ဂုဏ်ပြုညစာစားပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Li Yuan Hotel ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပမည့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးသို့တက်ရောက်ရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကွမ်စီးကျွမ်းဒေသ ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)



စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

Four Stroke Cycle Diesel Engine, Single Cylinder Horizontal, Water Cooled, Overhead Valve, Direct Injection, ၂၅ HP (၂၂၀၀ rpm) ဖြစ်သည်။ အဆိုပါ ဒီဇယ်အင်ဂျင်၏ ကွန်ပရက်ရှင်းအချိုးမှာ ၂၀း၁ ဖြစ်သည်။ ၎င်းကိုဓာတ်ငွေ့မောင်းအင်ဂျင်၏ ကွန်ပရက်ရှင်းအချိုး ၈း၁ သို့ ပြောင်းလဲပေးထားခြင်းဖြစ်သည်။ ထို့အပြင် အင်ဂျင်တွင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်း ခြောက်မျိုးဖြင့် ပြုပြင် ပြောင်းလဲထားခြင်းဖြစ်သည်။

**ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းရှိ တိရစ္ဆာန်စွန့်ပစ်ပစ္စည်း ‘နွားချေး’ များများရနိုင်သော ကျေးရွာများတွင် ဇီဝဓာတ်ငွေ့အင်ဂျင်များဖြင့် ကျေးရွာများအား လျှပ်စစ်မီးပေးဝေလျက်ရှိသည်။ကျေးရွာများရှိ အိမ်ခြေအလိုက် အင်ဂျင်အမျိုးမျိုးကို အသုံးပြုလျက်ရှိသည်။** အချို့ကျေးရွာတွင် ပြုပြင်ပြောင်းလဲပြီး ၁၆ HP အင်ဂျင်ကို ၅ K .V. A ဒိုင်နမို ဖြင့်တွဲ၍လည်းကောင်း၊ ပြုပြင်ပြောင်းလဲပြီး ၂၂ HP အင်ဂျင်ကို ၁၀ K.V. A ဒိုင်နမိုဖြင့်တွဲ၍လည်းကောင်း၊ ပြုပြင်ပြောင်းလဲပြီး ၂၅ HP အင်ဂျင်ကို ၁၅ K. V.A ဒိုင်နမိုဖြင့်တွဲ၍လည်းကောင်း အသုံးပြုလျက်ရှိသည်။

၂၂ HP အင်ဂျင်နှင့် ၁၀ K. V. A ဒိုင်နမိုဖြင့်တွဲထားသောအင်ဂျင်၏ ဓာတ်ငွေ့စားနှုန်းမှာ တစ်နာရီလျှင် ၃ကုဗမီတာဖြစ်သည်။ ၎င်းအင်ဂျင်ကို၅၀ ကုဗမီတာ ထုထည်ရှိသော ဓာတ်ငွေ့ထုတ်လုပ်ကန်ဖြင့်တွဲ၍ အသုံးပြုပါက နှစ်ပေ မီးချောင်း၃၀၀ခန့်ကို တစ်ရက်လျှင်လေး နာရီခန့် မီးထွန်းနိုင်သည်။

ယခုအခါတွင် မန္တလေးတိုင်းအတွင်းရှိကျေးရွာ၁၄ရွာ၌ လျှပ်စစ်မီးလင်းလျက်ရှိပြီး ကျေးရွာ၅၀တွင်ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ များ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒကို မိမိတို့မြန်မာနိုင်ငံက အမြဲကျင့်သုံး

- ✡ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှာလည်း တည်ငြိမ်အေးချမ်းလျက်ရှိပြီး တိုးတက်အောင်မြင်မှုများရရှိလျက်ရှိ။
- ✡ မိမိတို့နှစ်နိုင်ငံအကြား မွန်မြတ်သည့် အစဉ်အလာ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဘက်စုံပိုမို မြင့်မားလာအောင် ဦးတည်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်။
- ✡ တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒကို မိမိတို့ မြန်မာနိုင်ငံက အမြဲကျင့်သုံးသွားမှာဖြစ်။
- ✡ နိုင်ငံတကာနယ်ပယ်မှာရော၊ ဒေသတွင်းမှာပါ မိမိနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် နားလည်မှု၊ အားပေးထောက်ခံမှုများ ပြုလျက်ရှိသည့်အတွက် အထူးကျေးဇူးတင်။

စာမျက်နှာ ၈ မှ

### လာအိုဝန်ကြီးချုပ်အားတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ညနေ ၄နာရီ ၄၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Majestic Hotelသို့သွားရောက်၍ နန်နင်းမြို့၌ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်အား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Phong Savath၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Khek Keo၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး Dr. Bovien Kham နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ညှိနှိုင်းဖလှယ်

နှစ်နိုင်ငံဝန်ကြီးချုပ်များသည် မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့အကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်သွားရန် ရင်းနှီးစွာညှိနှိုင်းဖလှယ်ကြသည်။

ယင်းသို့ညှိနှိုင်းဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ကိုလည်းကောင်း ထိရောက်အောင်မြင်စွာ ခိုင်မြဲသည်ထက် ခိုင်မြဲအောင် တည်ဆောက်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးစွာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်မပျက်ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၌ မကြာမီလက်ခံကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးကိုလည်း အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်ကိုလည်း မိမိတို့နိုင်ငံ၌မကြာမီကာလအတွင်းကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ပါရန် ဖိတ်ကြားပါကြောင်းဖြင့် ခင်မင်ရင်းနှီးစွာပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

# မြန်မာ–လာအိုတို့သည် အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန်ရင်းရင်းနှီးနှီး ဆက်ဆံနေထိုင်လျက်ရှိ ရင်းနှီးချစ်ခင်မှုအစဉ်အလာကောင်းကို မိမိတို့နှစ်နိုင်ငံ ဆက်လက်ထိန်းသိမ်းသယ်ပိုးသွားကြမည်ဖြစ်



## တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Majestic Hotel သို့ သွားရောက်၍ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်အား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့ Majestic Hotel တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

### ကျေးဇူးတင်ရှိ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန် ရင်းရင်းနှီးနှီးဆက်ဆံနေထိုင်လျက်ရှိကြရာ ယင်းရင်းနှီးချစ်ခင်မှုအစဉ်အလာကောင်းကို မိမိတို့ဆက်လက်ထိန်းသိမ်းသယ်ပိုးသွားကြရမှာဖြစ်ကြောင်း၊ လာအိုနိုင်ငံ၌ ကျင်းပတော့မည့် အာဆီယံထိပ်သီးအစည်းအဝေးအတွက် အိမ်ရှင်နိုင်ငံအနေဖြင့် ပြင်ဆင်ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီအထောက်အကူပြုသည့် မြန်မာနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း၊ ထိပ်သီးအစည်းအဝေးသို့ အဆွေတော် ဝန်ကြီးချုပ် တက်ရောက်ပါရန် ထပ်လောင်းဖိတ်ကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

### ဂုဏ်ပြုညစာစားပွဲ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ညနေ ၆ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Li Yuan Hotel ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန China Council for the Promotion of International Trade (CCPIT) နှင့် ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရတို့က ပူးပေါင်းတည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့်ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဇနီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Phinij Jarusombu၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pham Gia Kheim၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှား



သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ခွန်းဆက်စကားပြော

ညစာစားပွဲမစတင်မီ China ASEAN Expo Organization Committee, Vice President, တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. An Min၊ ကွမ်စီးကျွမ်း ဒေသအုပ်ချုပ်ရေးမှူး မစ္စတာလုပင်းနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Bo Xilai တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

### ကုန်စည်ပြပွဲဖွင့်ပွဲတက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ Li Yuan International Convention and Exhibition Centre ၌ ကျင်းပသည့် ပထမအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့်ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်ဇနီး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pham Gia Kheim၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် Mr. Phinij Jarusombu. ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong နှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အလံများကို လွှင့်တင်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Bo Xilai ကအဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကွမ်စီးကျွမ်း ဒေသအုပ်ချုပ်ရေးမှူး မစ္စတာလုပင်းက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong က အာဆီယံရေးရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီက ပထမအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ–၂၀၀၄ ကို ဖွင့်လှစ်ပေးခဲ့ကြောင်း ကြေညာသည်။

ထိုအချိန်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြည်သူများက ပထမအကြိမ် တရုတ်–အာဆီယံကုန်စည်ပြပွဲ–၂၀၀၄ အောင်မြင်စွာ ကျင်းပနိုင်စေရန် ဆုမွန်ကောင်းတောင်းကြောင်းကို ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံအလိုက် နှုတ်ခွန်းဆက်ကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်တို့က အခမ်းအနားစင်မြင့်ရှေ့ရှိ အာဆီယံပန်းခင်းကြီးကို တရုတ်–အာဆီယံ စည်းလုံးညီညွတ်မှုအဖြစ် ရေသွန်းလောင်းပေးကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

## ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ကျင့်သုံးမည်

- ❒ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်မပျက်ဆက်လက်ကျင့်သုံး အကောင်အထည်ဖော်သွားမည်ဖြစ်၊
- ❒ လာအိုနိုင်ငံ၌ မကြာမီ လက်ခံကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးကိုလည်း အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်၊
- ❒ လာအိုနိုင်ငံ၌ ကျင်းပတော့မည့် အာဆီယံ ထိပ်သီးအစည်းအဝေးအတွက် အိမ်ရှင်နိုင်ငံအနေဖြင့် ပြင်ဆင်ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ပြီးဖြစ်၊
- ❒ ယင်းအစည်းအဝေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီအထောက်အကူပြုသည့် မြန်မာနိုင်ငံကို ကျေးဇူးတင်ရှိ။

# ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်းရေးနိုင်ငံတကာနယ်ပယ်မှာပါ မြန်မာနိုင်ငံနှင့် မိတ်ဆွေရင်းချာအဖြစ်ရပ်တည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအဆင့်အတန်းမခွဲခြားဘဲ တန်းတူရည်တူ လက်ခံရန်စဉ်ဆက်မပြတ်တိုက်တွန်း



## တွေ့ဆုံနှုတ်ဆက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Ming Yuan ဟိုတယ်၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့ရှိ Ming Yuan ဟိုတယ်တွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်နှင့် တွေ့ဆုံ ဆွေးနွေးစဉ်။** (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မကြာမီက ကျင်းပပြီးစီးခဲ့သည့် အာရှ-ဥရောပထိပ်သီး ညီလာခံ (အာဆမ်)၌ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရပ်တည်ခဲ့ကြသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် တစ်ပြိုင်တည်းရပ်တည်လာနိုင်ခဲ့ကြောင်း၊ အာရှ-ဥရောပညီလာခံ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးကို အဆင့်အတန်းမခွဲခြားဘဲ တန်းတူ ရည်တူလက်ခံရန်မိမိတို့နိုင်ငံက စဉ်ဆက်မပြတ် တိုက်တွန်းရပ်တည်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ကံကြမ္မာကို မြန်မာနိုင်ငံအစိုးရနှင့်မြန်မာနိုင်ငံသားများကသာ ဖန်တီးနိုင်ခွင့်ရှိမှာဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်တွင်းအရေးအရာကို ကမ္ဘောဒီးယားပြည်သူများကပင် ဆုံးဖြတ်နိုင်ခွင့်ရရှိအောင် ရုန်းကန်ခဲ့ရသည့် ကိုယ်ပိုင်အတွေ့အကြုံများစွာ မိမိတို့၌ ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုလည်း ပြင်ပစွက်ဖက်နှောင့်ယှက်မှုကင်းစွာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိရမှာဖြစ်ကြောင်းဖြင့် ပြောကြားပြီးနှစ်နိုင်ငံချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံချင်းဆက်ဆံရေးမှာရော ဒေသတွင်းနှင့်နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များမှာပါ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် သံတမန်ရေးအရ နီးကပ်စွာ ယခုကဲ့သို့ပင် ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပုဂံမြို့၌ကျင်းပခဲ့သော ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ(အက်မက်စ်)အဖွဲ့ဝင် လေးနိုင်ငံ၏ ထိပ်သီးအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ အကျိုးကိုသာမက ဒေသ၏ အကျိုးစီးပွားကိုပါ ဖော်ဆောင်နိုင်ပါကြောင်း၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအို မူလလေးနိုင်ငံအပြင် ယခုအခါ ဗီယက်နမ်နိုင်ငံသည်လည်း ပူးပေါင်း ပါဝင်လာပြီဖြစ်ရာ ပိုမိုကျယ်ပြန့်လာပြီဖြစ်သဖြင့် ဒေသတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးသာယာရေးတို့ကို ပိုမိုသယ်ဆောင်လာနိုင်မှာ ဖြစ်ကြောင်း။

အစဉ်အလာရင်းနှီးချစ်ခင်မှုရှိပြီးဖြစ်သည့် မိမိတို့နှစ်နိုင်ငံသည် ရှေ့တွင်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများကို အခြေခံ၍ အာဆီယံအဖွဲ့ကြီး အပါအဝင်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ တိုးတက်အောင်မြင်ရေးကို ပိုမိုပူးပေါင်းသယ်ပိုးဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်းဖြင့်ပြောကြားပြီး မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို အသိပေးပြောကြားသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၁၂ မှ*

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများသည် ပထမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ-၂၀၀၄ကို တရုတ်-အာဆီယံနိုင်ငံ အလံများပါရှိသည့် အီလက်ထရွန်နစ် ခလုတ်ကိုနှိပ်၍ ဖွင့်လှစ်ပေးကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဧည့်သည်တော်များသည် ပထမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ-၂၀၀၄ အတွင်း ခင်းကျင်းပြသထားသော တရုတ်နှင့်အာဆီယံနိုင်ငံအလိုက် ပြခန်းများကို လှည့်လည်ကြည့်ရှုကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာနိုင်ငံ၏ ပြခန်းများကိုလည်း ဝင်ရောက်ကြည့်ရှုအားပေးသည်။

ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားအပြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များက ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

## ကမ္ဘောဒီးယားဝန်ကြီးချုပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနန်နင်းမြို့၌ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်အား နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နန်နင်းမြို့ရှိ Ming Yuan ဟိုတယ်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်နှင့်အတူ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Soulivong Daravong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



ယင်းသို့တွေ့ဆုံရာတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ စာနာမှုအခြေခံသဘောထားများဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိကြသည့် မိတ်ဆွေရင်းချာနိုင်ငံများဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်းမှာရော၊ နိုင်ငံတကာနယ်ပယ်မှာပါ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ မိတ်ဆွေရင်းချာ နိုင်ငံအဖြစ်ရပ်တည်ပြီး နီးနီးကပ်ကပ်

## မြန်မာနိုင်ငံ၏ကံကြမ္မာကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသားများကသာ ဖန်တီးနိုင်ခွင့်ရှိ

* မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ စာနာမှုအခြေခံသဘောထားများဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက် ရှိကြသည့် မိတ်ဆွေရင်းချာနိုင်ငံများဖြစ်၊
* မြန်မာနိုင်ငံ၏ကံကြမ္မာကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသားများကသာ ဖန်တီးနိုင်ခွင့်ရှိ၊
* မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုလည်း ပြင်ပစွက်ဖက်နှောင့်ယှက်မှုကင်းစွာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိ၊
* ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ(အက်မက်စ်)အဖွဲ့ဝင် လေးနိုင်ငံ၏ ထိပ်သီးအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ အကျိုးကိုသာမက ဒေသ၏ အကျိုးစီးပွားကိုပါ ဖော်ဆောင်နိုင်၊
* အစဉ်အလာရင်းနှီးချစ်ခင်မှုရှိပြီးဖြစ်သည့် မိမိတို့နှစ်နိုင်ငံသည် ရှေ့တွင်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများကို အခြေခံ၍ အာဆီယံအဖွဲ့ကြီး အပါအဝင်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအဖွဲ့အစည်းများ၏ တိုးတက်အောင်မြင်ရေးကို ပိုမိုပူးပေါင်းသယ်ပိုးဆောင်ရွက်သွားကြရမှာဖြစ်၊

## သန်လျင်ဖားအောက်ရိပ်သာ ဘုံကထိန်နှင့်ထီးတင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဖားအောက်တောရ ဗုဒ္ဓသာသနာရိပ်သာ၏ သတ္တမအကြိမ် စုပေါင်းမဟာဘုံကထိန်နှင့် ဂေါတမကစေတီတော် ထီးတင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ရက်နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖားအောက်ရိပ်သာ(သန်လျင်)သာသနာနုဂ္ဂဟအဖွဲ့ရုံး ဖုန်း-၀၅၆-၂၁၉၂၇သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



# တရုတ်ထိုက်ချိနည်းပြဆရာမရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၂၀ရက်မှ ၂၈ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့ဝူရှူး လက်ရွေးစင်ထိုက်ချိကစားသမားများအား လေ့ကျင့်ပေးရန်အတွက် တရုတ် ထိုက်ချိနည်းပြဆရာမ Mrs.Liang Xia Kul သည် ယမန်နေ့ မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံပြည်နယ် ဖိုစန်မြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။ အဆိုပါ တရုတ်ထိုက်ချိ နည်းပြဆရာမသည် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက် ပြိုင်ပွဲဝင်ကြမည့် မြန်မာ့ဝူရှူး လက်ရွေးစင် ထိုက်ချိကစားသမားများဖြစ်ကြသည့် ခိုင်ခိုင်မော်၊ ကေသီမော်နှင့် မျိုးမင်းစိုးတို့ သုံးဦးအား လေ့ကျင့်ပေးမည်ဖြစ်သည်။**(အပေါ်ပုံ)**

Mrs.Liang Xia Kul သည် ၁၉၉၉ခုနှစ်တွင် တရုတ်ဝူရှူးသရုပ်ပြအဖွဲ့နှင့်အတူ မြန်မာနိုင်ငံတွင်လာရောက် သရုပ်ပြသဖူးပြီး ၂၀၀၃ခုနှစ်တွင် တရုတ်နိုင်ငံ တစ်နိုင်ငံလုံး ဝူရှူးပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့ဖူးသူ ဖြစ်သည်။

(က–ပ)

**အောက်တိုဘာ၂၆ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ကျေးဇူးရှင်မိဘနှစ်ပါး၊ ကြီးကြီး၊ ဒေါ်လေးနှင့် အစ်မကြီး ဒေါ်ခင်ဝိ၊ ညီမဒေါ်တင်တင်ယုံတို့အား ရည်စူး၍ ဒေါ်အမာ၊ တူမ မြသူဇာ ၇၅၊ ကုက္ကိုသယလမ်း ကျောက်မြောင်းတို့က အလှူငွေကျပ် နှစ်သိန်းကို အတွင်းရေးမှူးဦးသိန်းထိုက်စိုးထံသို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)




## မန္တလေး အထက(၁၂) ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၅**

မန္တလေးအထက(၁၂)တွင် အမှုထမ်းခဲ့ပြီး အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီး ၇၃ ဦးအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက(၁၂) မန္တလေး နတ်သျှင်နောင်ခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် မသီတာစိုး ဖုန်း–၅၃၇၉၉၀၊ ၅၁၃၇၇၄၊ ကိုသီဟမောင်မောင် ဖုန်း–၀၉–၅၀–၂၁၄၀၂၊ ဒေါ်ဝင်းဝင်းမြင့် အထက(၁၂) မန္တလေး ဖုန်း–၀၂–၃၉၄၂၆တို့သို့ ကျောင်းချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## ကျော်နိုင်အောင်ကျော် စာအုပ်ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ)ရေးသားပြီး ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ပြည်မြန်မာ၊ ရွှေနိုင်ငံ၊ ကနောင်၊ ဂီတကမ္ဘာဂျာနယ်များ၊ တပ်မတော်(လေ)နှစ်ပတ်လည်မဂ္ဂဇင်း(၂၀၀၃)နှင့် ရေးမြို့နယ်မဂ္ဂဇင်း(၂၀၀၃)စသည် တို့တွင် ဖော်ပြခဲ့ကြသည့် စိတ်ခာတ်ခွန်အားဖြည့် ရသစာစုများကို **‘ကျော်နိုင်အောင်ကျော်’**အမည်ဖြင့် ပေါင်းစည်းထုတ်ဝေလိုက်သည့် စာအုပ်ထွက်ရှိလာသည်။

တန်ဖိုးကျပ် ၅၀၀ ဖြင့် ရွှေဟသ်ာစာပေနှင့် မင်းမဟာစာပေတို့ကဖြန့်ချိသည်။

**(သတင်းစဉ်)**

## သတိ

၁။ ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက–

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့်အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ဖောက်လျှင် ထောင်ဒဏ်(၃)နှစ်။

(ခ) ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၉၉၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ အလှူရှင်များက နေ့စဉ်မပြတ်လှူဒါန်းလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၅

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်အလှူရှင်များက နေ့စဉ်မပြတ် ငွေနှင့်စာအုပ်များကို ပေးပို့လှူဒါန်းလျက်ရှိကြသည်။**

### တိုက်ရိုက်လှူဒါန်း

၂၀၀၄ခုနှစ် နိုဝင်ဘာ ပထမပတ်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးကျော်ကျော် အထက(၁) ဒဂုံ ကျောင်းအုပ်ဆရာကြီးနှင့် မိဘ ဆရာ ကျောင်းသားများက ငွေကျပ် ၁၀၀၀၀၀နှင့် စာအုပ်စာစောင် ၂၄၅၁၄အုပ်၊ ဒေါ်မြမြသိန်း ကျောင်းအုပ်ဆရာမကြီး အထက(၄)ဗိုလ်တထောင်နှင့် မိဘဆရာ၊ ကျောင်းသားကျောင်းသူများက ငွေကျပ် ၅၀၀၀၀ နှင့် စာအုပ် စာစောင် ၁၅၀၀၊ ဒေါ်ခင်မာချို ကျောင်းအုပ်ဆရာမကြီး အထက(၃) ဗိုလ်တထောင်နှင့် မိဘ၊ ဆရာ၊ ကျောင်းသားကျောင်းသူများက စာအုပ် စာစောင်၁၀၈အုပ်၊ ဗိုလ်တထောင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၅၀၀၀နှင့် သုတစာအုပ် ၂၀၊ အရှင်သံဝရာလင်္ကာရ (ဓမ္မပီယသာသနာ့ရိပ်သာ)ကငွေကျပ် ၁၀၀၀၀နှင့် ဘာသာရေးစာစောင် ၃၀၊ ဗိုလ်မှူးချစ်ငွေ–ဒေါ်ရီရီငွေ မင်္ဂလာ တောင်ညွန့်က ငွေကျပ် ၁၀၀၀၀နှင့် သုတစာအုပ် ၅၀၊ ဦးအောင်ကြီး လှိုင်မြို့နယ်က ငွေကျပ် ၁၀၀၀၀၊ ဦးတင်ယု–ဒေါ်ခင်သိန်း ဒဂုံမြို့နယ်က ငွေကျပ်၅၀၀၀နှင့် ဂျာနယ်စုံ ၅၀၀၊ဦးမြင့်အောင် သဃ်န်းကျွန်းက စာအုပ် ၂၉၉ အုပ်၊ ဦးမြင့်စိုး ကျောက်တံတား မြို့နယ်က မဂ္ဂဇင်း ၁၀၀၊ ဦးတင်ဝင်း ပန်းဘဲတန်းမြို့နယ်က မဂ္ဂဇင်း ၂၁၀၊ ဦးဇော်လွင်–ဒေါ်ခင်မာရီ တာမွေက မဂ္ဂဇင်း၊ ဂျာနယ် ၃၇၈အုပ်၊ဦးညဏ်ထိုက်–ဒေါ်ဝါဝါလင်း တာမွေက သုတမဂ္ဂဇင်း ၁၅၂ အုပ်၊ ဒေါ်ယဉ်နု ဒဂုံမြို့သစ် (အရှေ့ပိုင်း)က မဂ္ဂဇင်း၊ ဂျာနယ် ၂၅၃အုပ်၊ ဒေါ်ကျင်သန်း ပုဇွန်တောင်က မဂ္ဂဇင်း၊ ဂျာနယ် ၂၀၀၊ ဒေါ်သန္တာသန်းအေး သုဝဏ္ဏမြို့သစ်က စာအုပ်၊ စာစောင် ၂၁၃ အုပ်၊ ဗိုလ်မှူးကြီးချစ်ရှိန် လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌက မဂ္ဂဇင်း၊ ဂျာနယ် ၃၆၄အုပ်၊ ဦးခင်မောင်ဦး သာကေတက မဂ္ဂဇင်း ၁၀၀၊ ဒေါ်ကြူကြူသင်း သန်လျင်က မဂ္ဂဇင်း ၁၃၀၊ ဦးအေးကို–ဒေါ်ချိုချိုအောင် တာမွေက မဂ္ဂဇင်း၊ ဂျာနယ် ၂၈၄ အုပ်၊ ဦးကျော်စိုး–ဒေါ်ဌေးဌေးခင် တာမွေက မဂ္ဂဇင်းစုံ ၁၃၁ အုပ်၊ ဦးအေးချို သိမ်ဖြူလမ်းက စွယ်စုံကျမ်းနှင့် မဂ္ဂဇင်း ၈၂ အုပ်၊ ဦးစိုးပိုင်ဦး–ဒေါ်သက်သက်အောင် ဗိုလ်တထောင်က မဂ္ဂဇင်းစုံ ၂၀၉ အုပ်၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန စာကြည့်တိုက်နှင့် အလှူရှင်များက မဂ္ဂဇင်းစုံ ၄၀၇ အုပ်၊ ဦးအောင်ကျော်ဇော အေးရိပ်မွန် မိသားစုက မဂ္ဂဇင်းစုံ ၁၉၉အုပ်၊ ဒေါ်အေးမာကြည် ရေကျော်က မဂ္ဂဇင်း၊ ဂျာနယ် ၃၁၀၊ မသရဖီအေးနိုင် မရမ်းကုန်းက မဂ္ဂဇင်းဂျာနယ် ၂၅၀၊ ဒုတိယဗိုလ်မှူးကြီးဝင်းတင်နှင့် ဝန်ထမ်းများ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက သုတမဂ္ဂဇင်းစာစောင် ၆၉ အုပ်၊ ဦးရွှေဝင်းမောင် ကျောက်တံတားက နန်းမြင့်ဂျာနယ် အစောင် ၅၀၊ ဦးမြင့်စိုး–ဒေါ်ထားကြည် ပန်းဘဲတန်းက ဂျာနယ်စုံ ၁၁၈စောင်၊ ဦးလှဌေး တောင်ဥက္ကလာပက မဂ္ဂဇင်းစုံ ၅၀၊ ဒုတိယဗိုလ်မှူးကြီး သန်းညွန့်–ဒေါ်သီတာအေး မိသားစု မှော်ဘီက မဂ္ဂဇင်းစုံ ၂၄၀၊ ဒေါ်သန်းသန်းဌေး ဗဟန်းက စာအုပ်၊ စာစောင် ၁၇၀၊ ဒေါ်ခင်မြင့်ရီ အထက (၃) စမ်းချောင်းက စာအုပ် စာစောင် ၁၆၂ အုပ်၊ မောင်ငြိမ်းချမ်းဝင်း လမ်း ၄၀က စာအုပ် ၆၀၊ ဦးသန်းဖေ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ပြည်သူ့လွှတ်တော်က စာအုပ် စာစောင် ၁၆၅ အုပ်၊ ဒေါ်ရီရီဝင်း မင်္ဂလာတောင်ညွန့်က စာအုပ်စာစောင် ၁၂၉ အုပ်၊ ဦးစိုးမြင့်–ဒေါ်အေးအေးသန်း လမ်းမတော်က သုတစာအုပ် ၄၉အုပ်၊ သီရိပျံချီ ဦးဇော်ဝင်း–စာရေးဆရာမကြီး ဒေါ်နီနီယဉ်က ဝဏ္ဏ၊ မဂ္ဂဇင်း ၁၅၅ အုပ်၊ဒေါ်မြသင် ဗဟန်းက သုတမဂ္ဂဇင်းစာစောင် ၂၁၉ အုပ်၊ ဒေါ်မြင့်မြင့်ခင် မရမ်းကုန်းက မဂ္ဂဇင်း၊ ဂျာနယ် ၃၇၀၊ ဦးဘခံ–ဒေါ်လှလှမြင့် စမ်းချောင်းက စာအုပ် စာစောင် ၃၀၀၊ သူရသန်းညွန့်(၅၂)လမ်းက သုတရသစာအုပ်၂၀၂အုပ်၊ ဦးညွန့်ဖေ–ဒေါ်မြင့်ကြည် ကမာရွတ်က ငွေကျပ် ၁၀၀၀နှင့် သုတရသစာအုပ် ၉၆ အုပ်၊ ဒေါ်လှိုင်၊ သား မောင်မြင့်မောင်နှင့် သမီး မိမိအေး ကမာရွတ်က သုတရသစာအုပ် ၂၄၇ အုပ်၊ မဖြူနှင်းခိုင် သာကေတက မဂ္ဂဇင်း ၁၀ အုပ်၊ ဦးကိုကိုကြီး တပ်မတော်မှတ်တမ်းရုံး(ငြိမ်း)က ငွေကျပ် ၁၀၀၀ နှင့်စာအုပ်၅၉အုပ်၊ စာရေးဆရာငြိမ်းအောင် (သစ်လုပ်ငန်း)က ဂျာနယ်ရှစ်စောင်တို့ဖြစ်သည်။

### ဆက်သွယ်လှူဒါန်း

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင် ဂုဏ်ပြုလွှာများ ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို ရန်ကုန်မြို့ အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးကျော်ရဲမင်း [၁၂/လမန(နိုင်)၀၂၇၁၅၃]သည် ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများပြုလုပ်သွားပါသဖြင့် ၅–၁၁–၂၀၀၄ရက်မှစ၍ ကျွန်မနှင့် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**မနီနီဆွေ(နေရည်လင်း)**
**၅/မရန(နိုင်)၁၃၈၉၇၉**




## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၂၇၆၉ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန ရန်ကုန်တိုင်း၊ ခရိုင်ရုံး(အရှေ့ပိုင်း)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန
ရန်ကုန်တိုင်းခရိုင်ရုံး(အရှေ့ပိုင်း)။

**Hla Shwe**
**Piano Store & Services**

No.(39), Daw Thein Tin street, Kandawlay,
Mingalartaungnyunt Tsp., Yangon
Ph: 373 484, 09 500 9775
E-mail: hspiano@myanmar.com.mm

# ပေါင်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ပေါင် အောက်တိုဘာ ၃၁**

ပေါင်မြို့နယ် သဲကုန်းကျေးရွာ ရတနာထွန်းကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းငြိမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် စာကြည့်တိုက်အတွက် မဂ္ဂဇင်းမျိုးစုံစာအုပ် ၅၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းစန်းမြင့်က စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





အောက်တိုဘာ၂၀ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အင်းလေးဒေသကျေးရွာများသို့ ဒေသစာရီ ကြွချီအပူဇော်ခံသည့်ညောင်ရွှေမြို့ အဋ္ဌဒီသာ ဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီး၌ သုံးညတာ ကိန်းဝပ်စံပယ် အပူဇော်ခံမည့် အင်းလေး ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များကို ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

# စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များလှူဒါန်း

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၀**

မော်လမြိုင်ကျွန်းမြို့နယ် ပျားမွတ်လျှော်ချောင်း ကျေးရွာအုပ်စု ကျုံလတာကျေးရွာ ကိုယ့်အားကိုယ်ကိုး အလိမ္မာ ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များပေး အပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက်နံနက်၉ နာရီကကိုယ့်အားကိုယ်ကိုး အလိမ္မာစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းက စာကြည့်တိုက် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ့်အားကိုယ်ကိုး အလိမ္မာ ကျေးလက်စာကြည့်တိုက် အတွက် စာအုပ်၊ စာစောင်များကို စာပေအလှူရှင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်က လက်ခံရယူသည်။ **(ဝဲပုံ)** **(ဝ၉၇)**

# ကျေးလက် သတင်း နှင့် မြင်ကွင်း

# လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာ၌ တိုးမြင့်အောင် စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**လှည်းကူး နိုဝင်ဘာ ၁**

လှည်းကူးမြို့နယ် ပုတ်သင်ညို ကျေးရွာ ကိုယ့်အားကိုယ်ကိုး တိုးမြင့်အောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်သီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးကစာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်းနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ထိန်းသိမ်းရေးအကြောင်းများ ဟောပြောကြပြီး ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာအောင်မြင့်က သုတ၊ ရသ မျိုးစုံ စာအုပ် ၂၂၀ ပေးအပ် လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**





## ဆုချီးမြှင့်

**အောက်တိုဘာ၁၄ရက်ကဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဝင်းမေက ပေးအပ်ချီးမြှင့်စဉ်။**

(ဝ၄၈)

**အောက်တိုဘာ ၃၀ ရက်က ထန်းတပင်မြို့ အမှတ်(၃)ရပ်ကွက် ရေကန်အတွင်းရှိဒိုက်များ၊ မှော်ပင်များဆယ်ယူရှင်းလင်းခြင်းနှင့် ရေကန်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများစုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အမှုဆောင်အရာရှိဦးသန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဟိုင်းကြီးကျွန်း(ခ)အသင်းဗိုလ်စွဲ

**ငပုတော အောက်တိုဘာ ၂၅**

ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်က ယှဉ်ပြိုင်ကစားကြသည်။ အောက်တိုဘာ ၁၅ရက်တွင် ဗိုလ်လုပွဲအဖြစ် ငပုတောမြို့(က)အသင်းနှင့် ဟိုင်းကြီးကျွန်း(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟိုင်းကြီးကျွန်းမြို့ (ခ) အသင်းက ငပုတောမြို့(က)အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**မိုးညှင်းမြို့နယ် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အောက်တိုဘာ ၁၄ ရက်က ရတနာပုံလမ်းတွင် ပန်းအလှပင်များကို လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

## e- Education Learning Centre

## သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

### မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

**၈–၁၁–၂၀၀၄ (တနင်္လာနေ့)**

❑ ဇီဝဗေဒဘာသာ ဟောပြောမှု(၁)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

❑ - ဇီဝဗေဒဘာသာ ဟောပြောမှု(၂)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

**၉–၁၁–၂၀၀၄ (အင်္ဂါနေ့)**

❑ ဇီဝဗေဒဘာသာ ဟောပြောမှု (၃)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

❑ ရူပဗေဒဘာသာ ဟောပြောမှု(၁)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

**၁၀–၁၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

❑ ရူပဗေဒဘာသာ ဟောပြောမှု (၂)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

❑ - ရူပဗေဒဘာသာဟောပြောမှု (၃)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

**၁၁–၁၁–၂၀၀၄ (ကြာသပတေးနေ့)**

❑ စိတ်ကြိုက်မြန်မာစာ ဟောပြောမှု (၁)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

❑ စိတ်ကြိုက်မြန်မာစာ ဟောပြောမှု (၂)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

**၁၂–၁၁–၂၀၀၄ (သောကြာနေ့)**

❑ သမိုင်းဘာသာ ဟောပြောမှု (၁)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

❑ သမိုင်းဘာသာ ဟောပြောမှု (၂)
- တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ

**နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၁၃–၁၁–၂၀၀၄ (စနေနေ့)**

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

**၁၄–၁၁–၂၀၀၄ (တနင်္ဂနွေနေ့)**

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ



တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာတွင် ဆောက်လုပ်ပြီးသော ကျေးလက်အိမ်ရာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးညိုဝင်း၊ လက်ထောက်အင်ဂျင်နီယာဦးအောင်ကြီးနှင့် ဆတ်သွားကျေးရွာ ဥက္ကဋ္ဌ ဦးသန်းမောင်တို့ အောက်တိုဘာ ၃၁ ရက်က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

## ကျိုက်သုတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**မော်လမြိုင် နိုဝင်ဘာ ၁**

မော်လမြိုင်မြို့နယ်၊ မရမ်းကုန်းရပ်ကွက်ရှိ သမိုင်းဝင် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့်မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲများကို နိုဝင်ဘာ ၂၆နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

တန်ဆောင်တိုင် ပွဲတော်ရက်များတွင် အဘက်ဘက်မှ အဆင်ပြေစေရေး အတွက် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်၊ အတွင်းရေးမှူး ဦးမေအောင်၊ တွဲဖက် အတွင်းရေးမှူး ဦးဝင်းကြည်၊ မရမ်းကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မြို့မရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ရွှေဝင်း တို့ပါဝင်သော အဖွဲ့ကိုဖွဲ့စည်း တာဝန်ပေးအပ်ထားပြီး ဖြစ်သည်။ **(၁၆၈)**



# အမြို့မြို့ အနယ်နယ် သတင်းများ

## ပခုက္ကူခရိုင် ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဘောလုံးယှဉ်ပြိုင်

**ပခုက္ကူ အောက်တိုဘာ ၃၀**

ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား၊ မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ၁၆ရက် ညနေ ၃ နာရီက ပခုက္ကူမြို့ ခရိုင်အားကစားကွင်း၌ကျင်းပရာ **(အပေါ်ပုံ)** ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲတွင် ရေစကြိုမြို့နယ်ဘောလုံးအသင်းနှင့် ဆိပ်ဖြူမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။ **(ခရိုင် ပြန်/ဆက်)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော သတ္တမအကြိမ်နှစ်လကမ်းစက်ရေ တွင်း သစ် ဖွင့် ပွဲ ကို အောက် တို ဘာ ၂၀ ရက် က ကြာ ကန် ကျေး ရွာ အုပ် စု ပေါက် ကုန်း ကျေး ရွာ တွင် ကျင်းပရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် ရန်ကုန်မြို့မှအလှူရှင်ဦးဝင်းဖေ–ဒေါ်အေးအေးမြင့် မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



**အောက်တိုဘာ၁၅ရက်က မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် ပြည်ထောင်စုလမ်း၊ လမ်းလယ်ကျွန်း အမှတ် ၆၅ မှ ၆၉ အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြေခင်းအလှပြုပြင်ခြင်း၊ လမ်းလယ်ကျွန်း လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးထားသော ရာသီပန်းအလှနှင့် အရိပ်ရပင်များ ပြုစုခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအေးဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)





## ဆောင်းသီးနှံ အပြည့်အဝစိုက်ပျိုးရေး ဆွေးနွေး

**မြင်းကကုန်း နိုဝင်ဘာ ၃**

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်စော၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးခင်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြင်းကကုန်း ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နိုဝင်ဘာ ၃ရက်က ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ စီမံကိန်းဝင် ဆောင်းသီးနှံ အပြည့်အဝစိုက်ပျိုးရေး၊ ကျေးရွာသန့်ရှင်းသာယာ လှပရေးတို့ကို အဆင့်မြှင့်ဆောင်ရွက်ကြရန် ဆွေးနွေးကြသည်။ **(၀၂၀)**

## ဘဝကြေးမုံစာကြည့်တိုက်ဖွင့်၊ စာအုပ်နှင့် ငွေများလှူဒါန်း

**ကျောက်ဖြူ အောက်တိုဘာ ၁၇**

ကျောက်ဖြူမြို့နယ် လိပ်ခမော်ကျေးရွာအုပ်စု ဘဝကြေးမုံ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မလကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌အောက်တိုဘာ ၁၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီတင်က စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ စာပေအကြောင်း သိကောင်းစရာများနှင့် စာကြည့်တိုက်တည်တံ့ ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်များနှင့် ငွေများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးဇော်မိုးအောင်က ဂျာနယ်၊ မဂ္ဂဇင်းအုပ်ရေ ၁၀၀နှင့်အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးသိန်းဖြူက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

### ကြည့်ရှုစစ်ဆေး

**အောက်တိုဘာ ၂၅ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မုဒုံမြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇင်နှင့် ဝန်ထမ်းများက မုဒုံမြို့နယ် မှိန်ဂနိမ်းကျေးရွာရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှုကို မွန်ပြည်နယ် ဦးစီးဌာနမှူး ဦးညိုရွှေ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်လဝက)



**အောက်တိုဘာ ၁၅ ရက်က မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပရေးအတွက်ပျိုးထောင်ထားသည့် ပန်းအလှ ပျိုးဥယျာဉ်အား ခရိုင်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးကျော်သူကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

**လပွတ္တာမြို့နယ် ပြင်စလူမြို့ ရေတွင်းဆိပ်ကျေးရွာအုပ်စု အရာတော်ကျေးရွာ၌ အောက်တိုဘာ ၁၉ရက်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမောင်မောင်၊ကျေးရွာဥက္ကဋ္ဌ ဦးစန်းမင်းနှင့်အဖွဲ့ဝင်(၁) ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



### ကြည့်ရှုအားပေး

**မကွေးတိုင်း ဂန့်ဂေါမြို့ မြို့မဈေးအတွင်းအပြင် နေရာများ၌ အောက်တိုဘာ ၁၀ ရက်က ဈေးသူဈေးသားများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြည့်ရှုအားပေးကြစဉ်။** (၂၇၃)



# မြန်မာနိုင်ငံနှင့်အစဉ်အလာချစ်ကြည်ရင်းနှီးမှုအထူးအလေးထား တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုထောက်ခံ၍ကျေးဇူးတင် မြန်မာနိုင်ငံ၏ပြည်တွင်းရေးမြန်မာပြည်သူများသာဖြေရှင်းရမည် ပြည်ပနိုင်ငံများကဖိအားပေးအကျပ်ကိုင်ဆောင်ရွက်၍မရနိုင် တရုတ်ကမြန်မာ၏မိတ်ဆွေရင်းနိုင်ငံအဖြစ်အမြဲရပ်တည်မည်



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့ Ming Yuan Hotel သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပမည့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန **စာမျက်နှာ ၈ ကော်လံ ၁ ✻**

## ဝန်ကြီးတာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
**(အမိန့်အမှတ် ၁၄/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးတင်လှိုင် | ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) | ဦးတင်ဝင်း | ဝန်ကြီးချုပ်ရုံးနှင့် အလုပ်သမားဝန်ကြီးဌာန |

အမိန့်အရ

**(ပုံ) သိန်းစိန်**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး(၁)**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## ဒုတိယဝန်ကြီးတာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
**(အမိန့်အမှတ် ၁၅/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယနေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးချုပ်ခင်မောင် | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဗိုလ်မှူးချုပ်ကျော်ဝင်း | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| (၃) | ဦးအောင်သိန်း | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |
| (၄) | ဦးညီလှယ် | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

အမိန့်အရ

**(ပုံ) သိန်းစိန်**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး(၁)**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## အစိုးရအဖွဲ့ဝင်ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
**(အမိန့်အမှတ် ၁၆/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**အစိုးရအဖွဲ့ဝင်ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗိုလ်ချုပ်မောင်ဦးအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

**(ပုံ) သိန်းစိန်**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး(၁)**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## ဝန်ကြီးဌာနတာဝန်ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
**(အမိန့်အမှတ် ၁၇/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**ဝန်ကြီးဌာနတာဝန်ပူးတွဲထမ်းဆောင်စေခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းအား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

**(ပုံ) သိန်းစိန်**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး(၁)**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
**(အမိန့်အမှတ် ၁၈/၂၀၀၄)**
၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဦးကျော်စိုးအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

**(ပုံ) သိန်းစိန်**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး(၁)**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**


## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး